# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းဇော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ နဝမနေ့အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး န၀မနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၂)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၆.၄၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေ ခွဲ(က)နဲ့(ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ န၀မနေ့ အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်လို့ ခွင့်ပန်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဦးလှဆွေ၊ မကွေး(၁၂)၊ ဒေသဖွံ့ဖြိုးရေးကိစ္စ၊ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ဒေသဖွံ့ဖြိုးရေးကိစ္စ၊ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ မိဘကျန်းမာရေးကိစ္စ၊ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ နယ်မြေကွင်းဆင်းနေပါ၍၊ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ဆေးကုသမှု၊ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ မိသားစုကျန်းမာရေး၊ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ မိသားစုကိစ္စ၊ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကျန်းမာရေး၊ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ဒေသ ဖွံ့ဖြိုးရေး၊ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ကိုယ်ရေးကိုယ်တာ၊ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကျန်းမာရေး၊ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကျန်းမာရေး၊ ဦးဖေသောင်း၊ ကချင်(၆)၊ မိသားစုနာရေး၊ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ မိသားစုကျန်းမာရေး၊ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကျန်းမာရေး၊ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး၊ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ဇနီးကျန်းမာရေး ဖြစ်ပါတယ်။

ယခု ဖတ်ကြားတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၂)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၄)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း (၃၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာန၏ စေလွှတ်ချက်အရ ပြည်ပသို့ အစည်းအဝေး/ဆွေးနွေးပွဲများ သွားရောက်ရာတွင် အကြီးတန်းအရာထမ်း (ညွှန်ကြားရေးမှူးချုပ်အဆင့်)မှအပ ကျန်ဝန်ထမ်းများအား သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ယူ စိစစ်ခွင့်ပြုချက်ဖြင့် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့/ပြုပြင်ပြောင်းလဲနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာန၏ စေလွှတ်ချက်အရ ပြည်ပသို့ အစည်းအဝေး/ဆွေးနွေးပွဲများ သွားရောက်ရာတွင် အကြီးတန်းအရာထမ်း(ညွှန်ကြားရေးမှူးချုပ်အဆင့်)မှအပ ကျန်ဝန်ထမ်းများအား သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ယူ စိစစ်ခွင့်ပြုချက်ဖြင့် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့/ပြုပြင်ပြောင်းလဲနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ တက်ရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများအနေနဲ့ ဝန်ကြီးဌာနရဲ့ စေလွှတ်ချက်အရ ပြည်ပသို့ အစည်းအဝေး/ဆွေးနွေးပွဲများ သွားရောက်ရာမှာ ဘာသာရပ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုများထက် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ကို ရရှိရန် အဆင့်ဆင့်တင်ပြ ဆောင်ရွက်နေရတဲ့အတွက် အချိန်ကုန် လူပန်းဖြစ်နေရပါတယ်။ သို့ပါ၍ ကိုယ်စားလှယ်များရဲ့ ရာထူးအဆင့်အပေါ်မူတည်ပြီး၊ အကြီးတန်း အရာထမ်း၊ ညွှန်ကြားရေးမှူးချုပ်အဆင့်မှအပ ကျန်ဝန်ထမ်းများအား သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ယူစိစစ်ခွင့်ပြုခြင်းအားဖြင့် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ ပြုပြင်ပြောင်းလဲနိုင်ရေး ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၇။**

**ဦးဇင်ယော် (ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ် ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း က နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာန၏ စေလွှတ်ချက်အရ ပြည်ပသို့ အစည်းအဝေး/ဆွေးနွေးပွဲများ သွားရောက်ရာတွင် ဘာသာရပ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုများထက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိရန် အဆင့်ဆင့်တင်ပြဆောင်ရွက်နေရသဖြင့် အချိန်ကုန်လူပန်းဖြစ်နေရပါကြောင်း၊ သို့ဖြစ်ပါ၍ ကိုယ်စားလှယ်များရဲ့ ရာထူးအဆင့်ပေါ် မူတည်ပြီး အကြီးတန်းအရာထမ်း (ညွှန်ကြားရေးမှူးချုပ်အဆင့်) မှအပ ကျန်ဝန်ထမ်းများအား သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ယူ စိစစ်ခွင့်ပြုပေးခြင်းဖြင့် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပြုပြင်ပြောင်းလဲနိုင်ခြင်း ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းလာသည်ကို ဖြေကြားခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပဏာမ ပြောကြားအပ်ပါတယ်ခင်ဗျား။

ပြည်ပသို့ အစည်းအဝေးများ/ဆွေးနွေးပွဲများ သွားရောက်ရန် နိုင်ငံခြားရေးရာ မူဝါဒကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံခြားရေးရာမူဝါဒကော်မတီကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၀ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၈/၂၀၁၁ အရ ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့က ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း ဆောင်ရွက်ပြီး အဖွဲ့ဝင် (၁၂)ဦးဖြင့် ဖွဲ့စည်းခဲ့ပါတယ်။

နိုင်ငံခြားရေးရာမူဝါဒကော်မတီရဲ့ အဓိကရည်ရွယ်ချက်ကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒနှင့်အညီ နိုင်ငံခြားဆက်ဆံရေးကိစ္စရပ်များမှာ စဉ်ဆက်မပြတ်ကျယ်ပြန့် ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ (Cabinet) ကို အထောက်အကူပြုဖို့ ဖြစ်သည်နှင့်အညီ နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ အတည်ပြုချက်ရယူရပါတယ်။

နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ လုပ်ငန်းတာဝန်များအနေဖြင့် (က) ဗီဇာခွင့်ပြုရန် နဲ့ သက်တမ်းတိုးရန်ကိစ္စများ စိစစ်ခွင့်ပြု ဆောင်ရွက်ရန်၊ (ခ) နိုင်ငံခြားသို့ သင်တန်းသား စေလွှတ်ခြင်းနဲ့ နိုင်ငံခြားသင်တန်းသားများ လက်ခံခြင်းကိစ္စရပ်များ စိစစ်ဆောင်ရွက်ရန်၊ (ဂ) နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့မှ မူအရ ခွင့်ပြုပြီးတဲ့ နိုင်ငံခြားသို့ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ စေလွှတ်ခြင်းနဲ့ ပြည်တွင်း၌ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ လက်ခံကျင်းပခြင်းကိစ္စများကို စိစစ်ဆောင်ရွက်ရန်၊ (ဃ) နိုင်ငံခြားသံတမန်အသစ်များ ခန့်အပ်ရန် အဆိုပြုလာခြင်းအပေါ် စိစစ်ဆောင်ရွက်ရန်၊ (င) နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့မှ မူအရ ခွင့်ပြုပြီးသော အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများမှ လာရောက်ခြင်း၊ နိုင်ငံခြားမှ ကျွမ်းကျင်သူများနှင့် ပညာရှင်များ လာရောက်ခြင်းကိစ္စရပ်များ စိစစ်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

အထက်မှာ ဖော်ပြခဲ့တဲ့ လုပ်ငန်းတာဝန်များအနေဖြင့် နိုင်ငံတော်စရိတ်ကို ကျခံသုံးစွဲပြီး ပြည်ပသို့စေလွှတ်ရန်ရှိတဲ့ ခရီးစဉ်များနဲ့ ပတ်သက်ပြီး မိမိနိုင်ငံ၊ မိမိဝန်ကြီးဌာနအတွက် အမှန်တကယ် ထိရောက်အကျိုးရှိမယ့် ဆွေးနွေးပွဲတွေ၊ အစည်းအဝေးတွေကိုသာလျှင် အနည်းဆုံး အင်အားနဲ့စုဖွဲ့ပြီး တက်ရောက်စေကြရန်ဆိုတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့် အညီ အမှာစာများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။

ဝန်ကြီးဌာနအသီးသီးက စေလွှတ်မယ့် ကိုယ်စားလှယ်အဖွဲ့များနှင့် ပတ်သက်ပြီး မဖြစ်မနေ သွားရမည့်ကိစ္စ၊ မိမိနိုင်ငံအတွက် အကျိုးရှိမယ့် ကိစ္စရပ်များကိုသာ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုဆုံးဖြတ်နိုင်ရန်အတွက် နိုင်ငံခြားရေးရာမူဝါဒကော်မတီက စိစစ်ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုဝန်ကြီးဌာနများမှ အစိုးရဝန်ထမ်းများဟာ ပြည်ပအစည်းအဝေး တက်ရောက်ရန် အပါအဝင် ပြည်ပသို့ ခရီးသွားလာမှုများမှာ အစိုးရအဖွဲ့အစည်းအဝေးက အတည်ပြုမှသာ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံခြားငွေသုံးစွဲခွင့်ရရှိမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နိုင်ငံခြားရေးရာမူဝါဒကော်မတီက စိစစ်အတည်ပြုချက် ရရှိပြီးတဲ့ အစိုးရကိုယ်စားလှယ်များအတွက် ပြည်ပခရီးသွားလာခွင့် အမိန့်နှင့် နိုင်ငံခြားငွေသုံးစွဲခွင့်ကို ထုတ်ပြန်ခွင့်ပြု ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ခရီးစဉ် စိစစ်ခွင့်ပြုခြင်းများ ကိုလည်း နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ကော့သောင်း-ဘုတ်ပြင်း-တနင်္သာရီလမ်းပိုင်းအား ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှအေး က ကော့သောင်း-ဘုတ်ပြင်း-တနင်္သာရီလမ်းပိုင်းအား ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးလှအေး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှကိုယ်စားလှယ် ဦးလှအေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့

တနင်္သာရီတိုင်းအတွင်းမှာ လမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်၍ ကျွန်တော် တင်ပြလိုပါတယ်။ တနင်္သာရီတိုင်းအတွင်းမှာ ကော့သောင်း - ဘုတ်ပြင်း - တနင်္သာရီလမ်းအပိုင်းဟာ ပြည်ထောင်စု လမ်းကြီးလည်း ကျွန်တော်တို့ ၁၉၉၆ ခုနှစ်ကစပြီးတော့ ဖောက်လုပ်ထားပြီး ဖြစ်ပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့ ကော့သောင်းကနေပြီးတော့မှ (၃၈)မိုင်(၂)ဖာလုံ၊ ဘုတ်ပြင်းဘက်မှာ ဆိုရင်တော့ ကျွန်တော်တို့ (၈)မိုင်လောက်ပဲ ဒါ ကတ္တရာလမ်းပဲ ရှိပါတယ်။ ကျန်တဲ့လမ်းအပိုင်း တွေ အားလုံးကတော့ ကျွန်တော်တို့ မြေသားလမ်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့မှာ ဆိုလို့ရှိရင် ဒီလမ်းဟာ တော်တော်လေးကို အခက်အခဲရှိပါတယ်။ မိုးတွင်းဆိုလို့ရှိရင် ကားတွေက သွားလို့ လာလို့ အဆင်မပြေပါဘူး။ ပြည်သူများအနေနဲ့ သွားလာရေးမှာဆိုရင် ကျွန်တော်တို့ လေကြောင်းနဲ့ ရေကြောင်းကိုပဲ အဓိက အားကိုးအားထား ပြုနေရ ပါတယ်။

လေကြောင်းလိုင်းများဟာဆိုလို့ရှိရင် ယခင်က တစ်နေ့ကို (၅)စီးခန့် ဆင်းနေပေမယ့် လည်း ယခုအခါမှာ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်မှု မြင့်မားလာတဲ့အတွက် ကြောင့်မို့လို့ အခြားလိုင်းများ ဦးစားပေးပြေးဆွဲလျက်ရှိတဲ့အတွက် နေ့စဉ်လေယာဉ်အစီး ရေလျော့နည်း လာပြီးတော့ ခရီးသွားပြည်သူများတိုးတက်များပြားလျက်ရှိပါတယ်။ လေယာဉ်ခ အနေနဲ့ဆိုရင် ကော့သောင်း-ရန်ကုန်ကို (၁၃၅၀၀၀)၊ ကော့သောင်း-မြိတ်ကို (၄၇၅၀၀)၊ ကော့သောင်း-ထားဝယ်ကို (၇၄၀၀၀)အထိ ဖြစ်လာတဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ သာမန်လက်လုပ်လက်စားနဲ့ ဝန်ထမ်းများဟာ အဆိုပါငွေကြေးကို ခရီးသွားဖို့အတွက်ကို အခက်အခဲများစွာ ရှိပါတယ်။

အမြန်ရေယာဉ်တွေ ရှိတယ်ဆိုပေမယ့်လို့ အမြန်ရေယာဉ်ခဟာ ကော့သောင်း-မြိတ် (၂၇၀၀၀)၊ ကော့သောင်း-ထားဝယ် (၄၀၀၀၀)ဖြစ်တဲ့အတွက်ကြောင့်မို့ အများပြည်သူတွေအတွက် ဈေးနှုန်းသက်သာတယ်လို့ ပြောပေမယ့်လို့ ကျွန်တော်တို့ တနင်္သာရီတိုင်းဟာ ရာသီဥတု အခြေအနေ အရ သုံးရာသီလုံး သွားလာနိုင်ခြင်း မရှိတဲ့အတွက်ကြောင့်မို့လို့ သွားလာရေး အခက်အခဲရှိပါတယ်။ ဒါကြောင့် ကော့သောင်း-ဘုတ်ပြင်း-တနင်္သာရီလမ်းအပိုင်းအား ရာသီမရွေးသွားလာနိုင်တဲ့ ကတ္တရာ လမ်းအဖြစ် အသုံးပြုနိုင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ကိုယ်ပိုင်မော်တော်ယာဉ်တွေ၊ အငှား မော်တော်ယာဉ်လိုင်းများဟာ အများပြည်သူ ဈေးနှုန်းသက်သာစွာနဲ့ သွားလာနိုင်မှာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ် -

ကော့သောင်း-ဘုတ်ပြင်း-တနင်္သာရီလမ်းအပိုင်းအား ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ။ ဒုတိယအချက်အနေနဲ့က အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မင်းတပ်မြို့နယ်၊ ပလိပ်တွီ၊ ဝမ္မသူး၊ မရှိန်းလှေ့၊ ဘုရားစခန်း၊ ထင်ချောင်းရွာများကို ဖြတ်ပြီး ကျောက်ထု - မင်းတပ် ကတ္တရာကားလမ်းမကြီးသို့ ဆုံသည့် ကားလမ်းအား ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ လွှဲယူရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က မင်းတပ်မြို့နယ်၊ ပလိပ်တွီ၊ ဝမ္မသူး၊ မရှိန်းလှေ့၊ ဘုရားစခန်း၊ ထင်ချောင်းရွာ များကို ဖြတ်ပြီး ကျောက်ထု - မင်းတပ် ကတ္တရာလမ်းမကြီးသို့ ဆုံသည့် ကားလမ်းအား ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ လွှဲယူရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ပလိပ်တွီ၊ ဝမ္မသူး၊ မရှိန်းလှေ့၊ ဘုရားစခန်း၊ ထင်ချောင်းရွာ များကို ဖြတ်ပြီး ကျောက်ထု - မင်းတပ် ကတ္တရာလမ်းမကြီးသို့ လာဆုံတဲ့ ကားလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာမှ လွှဲယူရန် အစီအစဉ်ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလိပ်တွီ-ဝမ္မသူး-ထင်ချောင်း- မင်းတပ်ကားလမ်းဟာ ၁၉၆၅ ခုနှစ်၊ တော်လှန်ရေးအစိုးရလက်ထက် က ခရိုင်ဝန် ဦးဂျေနိန်လိန်း မှ ဒေသရဲ့ လိုအပ်ချက်အရ ဦးစွာ Bulldozer D-4 ဖြင့် စတင်ဖောက်လုပ်ပေးခဲ့တဲ့ လမ်း ဖြစ်ပါ တယ်။ ပြည်သူများမှ လမ်းနှစ်စဉ် ပြန်လည်ချဲ့ထွင် ဖောက်လုပ်ပြီးတော့ သွားလာနေတဲ့ လမ်း ဖြစ်ပါတယ်။ နှစ်စဉ်မိုးရာသီ မြေပြိုနေမှုများကို ယခုတိုင်ပြင်ဆင်နေဆဲ ဖြစ်ပါတယ်။ ယင်းဒေသရှိ ကျေးရွာ အုပ်စု(၉)အုပ်စု၊ ကျေးရွာပေါင်း(၃၇)ရွာနဲ့ မင်းတပ်မြို့သို့ သွားလာရာတွင် အထူး

အားကိုးအားထား ပြုရတဲ့ လမ်းတစ်ခုလည်း ဖြစ်ပါတယ်။ (၃၇)မိုင်မှ ရွှေအောင်သာသို့ သွားတဲ့ ကားလမ်းမနဲ့ ပလိပ်တွီရွာမှာ ဆုံပါတယ်။ အဲဒီ(၃၇)မိုင် ရွှေအောင်သာဟာ ကျွန်တော် ယခင် အပတ်က တင်ပြခဲ့တဲ့အတိုင်းပဲ ဗျူဟာလမ်းအနေနဲ့ နိုင်ငံတော်က သတ်မှတ်တဲ့လမ်း ဖြစ်ပါတယ်။ နှစ်စဉ်ကျေးရွာများမှ ပြန်လည်ပြုပြင်၍ မြို့နဲ့ ဆက်သွယ်ရာတွင် အသုံးပြုတဲ့ လမ်းလည်း ဖြစ်ပါတယ်။

ယင်းဒေသဟာ မနာတာအထက်တန်းကျောင်း(ခွဲ)၊ စွန်တောင်ရွာလယ်/တွဲ၊ ဝမ္မသူးရွာ အလယ်တန်းကျောင်းနဲ့ တိုက်နယ်ဆေးရုံတို့ တည်ရှိပြီး ယခင်က ထင်းရှူးဆီစက်ရုံ တည်ရှိရာ ဒေသလည်း ဖြစ်ပါတယ်။ ယင်းဒေသမှာ မင်းတပ်မြို့နယ် ထင်းရှူးပင်ကြီးများ သိန်းနဲ့ချီပြီး အများဆုံး ပေါက်ရောက်တဲ့ဒေသလည်း ဖြစ်ပါတယ်။ ထင်းရှူးဆီလုပ်ငန်းကိုလည်း နိုင်ငံတော်မှ ပြန်လည်စတင် နိုင်ရန် အစီအစဉ်များရှိကြောင်း ကြားသိနေရပါတယ်။ ယင်းဒေသမှာ ခွီးရိန်ရွာ၊ စပ်ကောက်ရွာ၊ မသုံနူးရွာ ရှိဒေသများဟာ မင်းတပ်မြို့နယ်မှာ လက်ဖက်အများဆုံး စိုက်ပျိုးထုတ်လုပ်တဲ့ ဒေသ လည်း ဖြစ်ပါတယ်။ ဒါကြောင့် ယင်းဒေသရှိ တိုင်းရင်းသားပြည်သူများ မင်းတပ်မြို့နဲ့ (၁၂)ရာသီ အလွယ်တကူသွားလာနိုင်ဖို့ ဒေသထွက်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ယင်းလမ်းကို အစဉ်ပြုပြင်နေရန် လိုအပ်ပါတယ်။

ယင်းကားလမ်းမှာ ဂျစ်ကားများ၊ ကားကြီးများ သွားလာနေသည်မှာ နှစ်အားဖြင့် (၄၇)နှစ် တိုင်တိုင် ရှိပါတယ်။ နှစ်စဉ် ပြည်သူများမှ ယနေ့တိုင်ပြုပြင်၍ သွားလာနေကြရတဲ့လမ်း ဖြစ် ပါတယ်။ နိုင်ငံတော်မှ လွှဲပြောင်း၍ရယူပြီး (၁၂)ရာသီသွားလာနိုင်အောင် ပြုပြင်ပေးနိုင်ရန် လိုအပ်တဲ့အတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ လွှဲယူပြုပြင်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတင်ပြ အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၈။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကြွရောက်လာကြတဲ့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလှအေး မှ မေးမြန်းထားတဲ့ ကော့သောင်း-ဘုတ်ပြင်း-တနင်္သာရီလမ်းအပိုင်းအား ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားခွင့်ပြုပါခင်ဗျား။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်း အတွင်းမှာရှိတဲ့ ကော့သောင်း-ဘုတ်ပြင်း-တနင်္သာရီလမ်းဟာ ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲရတဲ့ လမ်းစာရင်းမှာ ပါဝင်တဲ့ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း အပိုင်းဖြစ်ပြီးတော့ လမ်းရဲ့အရှည်ဟာ (၂၂၅)မိုင်နဲ့ (၅)ဖာလုံ ရှိပါတယ်ခင်ဗျား။ အဲဒီလမ်းရဲ့ လက်ရှိအခြေအနေကတော့ ကတ္တရာလမ်း(၇၆)မိုင်၊ ကျောက်လမ်း(၁၄၈)မိုင်၊ အမာခံလမ်း (၁)မိုင်၊ (၅)ဖာလုံ စုစုပေါင်း (၂၂၅)မိုင်နဲ့ (၅)ဖာလုံ ဖြစ်ပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ကျပ်(၃၁၄၂)သန်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ်(၁၆၃၀)သန်း၊ စုစုပေါင်းကျပ်သန်းပေါင်း (၄၇၇၂)သန်းနှင့် လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာမှာ မူလကတ္တရာလမ်းဟောင်းကို ကတ္တရာထပ်ပိုးလွှာတင်ခြင်း(၂)မိုင်၊ ကျောက်လမ်းမှ ကတ္တရာထပ်ပိုးလွှာတင်ခြင်း (၇)မိုင်၊ (၇)ဖာလုံ၊ မူလကျောက်လမ်းကို ကျောက်ချောလမ်းခင်းခြင်း(၁၉)မိုင်၊ (၄)ဖာလုံ၊ အမာခံလမ်းမှ ကျောက်လမ်းခင်းခြင်းနဲ့ ကျောက်ဖြည့်ဖာထေးခြင်း (၇)မိုင်၊ (၄)ဖာလုံ၊ ကတ္တရာယိုဖြင့် လမ်းကိုဖာထေးခြင်း (၅)မိုင်၊ (၃)ဖာလုံ၊ မြေသားတာပေါင်တင်၍ ကွန်ကရစ်ရေကျော် ပြုလုပ်ခြင်း

(၉၅၀)ပေ၊ မြေကာနံရံတည်ဆောက်ခြင်း (၅၁၀)ပေ၊ Box Culvert တည်ဆောက်ခြင်း (၃)စင်း စတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်ခင်ဗျား။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာပဲ မိုးရာသီကာလမှာတော့ မိုးသည်းထန်စွာ ရွာသွန်းတဲ့ အတွက် ဒီလမ်းရဲ့ မိုင် (၅၂/၂) နဲ့ (၁၃၉/၀) အတွင်းမှာ ပျက်စီးမှုများဟာ များပြားခဲ့ပါတယ်။ ဒီ ပျက်စီးမှုများကိုလည်းပဲ ကျွန်တော် ပြန်လည်ပြင်ဆင်ခဲ့ရာမှာ (၇၀)ရာခိုင်နှုန်းခန့် ပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။ ဒီအပြင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ဖြည့်စွက် ရန်ပုံငွေ ကျပ်(၂၀၀၀)သန်း ခွဲဝေရရှိပါတယ်။ အဲဒီရရှိတဲ့ရန်ပုံငွေနဲ့ မိုးရာသီမှာ ပျက်စီးသွားခဲ့ တဲ့အပိုင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာမှာ မိုးရာသီရေကြီးနစ်မြုပ်ခဲ့တဲ့ နေရာများအား ကွန်ကရစ်ရေကျော်ခင်းခြင်းလုပ်ငန်း (၆၀၀)ပေ ဆောင်ရွက်ခဲ့ပါတယ်။ ကတ္တရာထပ်ပိုးလွှာခင်း ခြင်း (၅)မိုင် ဆောင်ရွက်ခဲ့ပါတယ်။ ကတ္တရာလမ်းသစ်ခင်းခြင်း (၂)ဖာလုံနဲ့ လမ်းအနိမ့်အမြင့် ညှိပြီးတော့ ကတ္တရာရေပိတ်လွှာလောင်းခြင်း (၅)မိုင် ဆောင်ရွက်ခဲ့ပါတယ်။ ဒု-အခြေခံလွှာ ခင်းခြင်းနဲ့ အမာခံလမ်းပုခုံးလုပ်ခြင်း၊ လမ်းဘေး ရေမြောင်းတူးခြင်းကို (၉)မိုင် ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ကျောက်စီကမ်းကပ်ခုံနဲ့ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း (၄)စင်း ဆောင်ရွက်ခဲ့ပါတယ်။ အကျယ်(၅)ပေ၊ အရှည်ပေ(၃၀)ရှိတဲ့ ကျောက်စီကမ်းကပ်ခုံ သံကူကွန်ကရစ် ရေထုတ်ပြွန်(၁၇)စင်းကိုလည်း တည်ဆောက်ခဲ့ပါတယ်။ အရှည်ပေ(၃၀)၊ အကျယ်(၁၆)ပေရှိတဲ့ သစ်သားတံတားအသစ်(၁)စင်းကိုလည်းပဲ တည်ဆောက်ပေးခဲ့ပါတယ်။ (၁၅)ပေအရှည် သစ်သား တံတား(၁)စင်းအားလည်း ကမ်းကပ်ခုံနဲ့ သံကူကွန်ကရစ်ကြမ်းခင်းအသစ် ပြုလုပ်ခဲ့ပါတယ်။ ကျောက်ရိုးစီမြေကာနံရံ တည်ဆောက်ခြင်းကိုလည်း (၄၉၅)ပေ ဆောင်ရွက်ခဲ့ပါတယ်။ ကျောက်ရိုးစီရေမြောင်း ပြုလုပ်ခြင်းကိုလည်း ပေ(၁၀၀၀) ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုလုပ်ငန်း တွေဟာ ယခုနှစ်ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြီးအောင်ဆောင်ရွက်သွားမှာ ဖြစ်ပြီးတော့ အဆိုပါ လုပ်ငန်များ ဆောင်ရွက်ပြီးစီးတဲ့အခါမှာ ရာသီမရွေး သွားလာနိုင်တဲ့ လမ်း အဖြစ် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာလည်းပဲ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း(၁၅၀၀) တင်ပြ တောင်းခံထားပြီးတော့ ရန်ပုံငွေ ရရှိမှုအပေါ် မူတည်ပြီး လမ်းတံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများလည်း ဆက်လက်ဆောင်ရွက်

သွားမှာ ဖြစ်တဲ့အပြင် အဆိုပါလမ်းကို ပဉ္စမကာလတို(၅)နှစ် စီမံကိန်းမှာ ထည့်သွင်းရေးဆွဲထားပြီး နှစ်အလိုက်ရန်ပုံငွေများ တင်ပြတောင်းခံ၍ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ ပြန်လည် ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဟာရိုန်းဘွေ မှ မေးမြန်းထားတဲ့ မင်းတပ်မြို့နယ်၊ ပလိပ်တွီ၊ ဝမ္မသူး၊ မရှိန်းလျော်၊ ဘုရားစခန်း၊ ထင်ချောင်းရွာ များကို ဖြတ်သန်းပြီး ကျောက်ထု - မင်းတပ် ကတ္တရာကားလမ်းမကြီးသို့ လာဆုံတဲ့ ကားလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲယူရန် အစီအစဉ် ရှိ/မရှိ သိလိုသည့် မေးခွန်းအား ရှင်းလင်း ဖြေကြားခွင့် ပြုပါခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်းမှာ ရှိတဲ့ ပလိပ်တွီ၊ ဝမ္မသူး၊ မရှိန်းလျော်၊ ဘုရားစခန်း၊ ထင်ချောင်းရွာများကို ဖြတ်သန်းပြီးတော့ ကျောက်ထု - မင်းတပ် ကတ္တရာကားလမ်းမကြီးသို့ လာဆုံတဲ့လမ်းမှာ ဒေသဖွံ့ဖြိုးရေးလမ်း ဖြစ်ပါ တယ်ခင်ဗျား။ အဆိုပါလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းစေလိုပါက ချင်းပြည်နယ် အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု အခြေအနေမှာတော့ ပလိပ်တွီ၊ ဝမ္မသူး၊ မရှိန်းလျော်၊ ဘုရားစခန်း၊ ထင်ချောင်းရွာများကို ဖြတ်သန်းပြီးတော့ ကျောက်ထု - မင်းတပ် ကတ္တရာ ကားလမ်းမကြီးသို့ လာဆုံသည့်လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းယူရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြလာပါက လိုအပ်ချက်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနထံမှာ ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မိုဘိုင်းဖုန်းများကို ဈေးလျှော့ချရန် အစီအစဉ် ရှိသည့်အတွက် ကျေးလက်နေပြည်သူများအား အရစ်ကျရောင်းချမည့် အစီအစဉ်ကို ဈေးလျှော့ချပြီးမှသာ ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး က မိုဘိုင်းဖုန်းများကို ဈေးလျှော့ချရန် အစီအစဉ် ရှိသည့်အတွက် ကျေးလက်နေပြည်သူများအား အရစ်ကျရောင်းချမည့် အစီအစဉ်ကို ဈေးလျှော့ချပြီးမှသာ ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ယနေ့အစည်းအဝေးကို ကြွရောက်လာကြတဲ့ ဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံးအကြိမ် ပြည်ထောင်စုလွှတ်တော် စတင်ကျင်းပစဉ်ကတည်းက မိုဘိုင်းဖုန်းနဲ့ ပတ်သက်တဲ့ မေးခွန်းများကို ကျွန်တော် စဉ်ဆက်မပြတ် မေးမြန်းခဲ့ပါတယ်။ အခု မိုဘိုင်းဖုန်းတွေဟာ ကျွန်တော်တို့ ကနဦးတပ်ဆင်ခ (၁၅)သိန်းကနေ (၅)သိန်း၊ (၅)သိန်းကနေ (၂)သိန်းတော့ ဖြစ်လာပါတယ်။ ဒါပေမဲ့ ပြည်သူများကတော့ ဒီထက်များစွာ သက်သာဖို့ကို မျှော်လင့်စောင့်စားနေကြဆဲပဲ ဖြစ်ပါတယ်။ (၅၀၀၀)တန် SIM Card တွေ ဘယ်တော့ ရောင်းချနိုင်မလဲ ဆိုတဲ့အပေါ်မှာလည်း ဘယ်တော့ ရောင်းချခွင့်ပေးမလဲ၊ ဘယ်တော့ ဝယ်ယူသုံးစွဲခွင့် ရမလဲဆိုတာတွေကိုလည်း မျှော်လင့်တကြီးနဲ့ စောင့်စားနေကြပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ တယ်လီဖုန်းသိပ်သည်းဆ (Phone Density) ဟာ အရှေ့တောင်အာရှ(၁၀) နိုင်ငံမှာ အနည်းဆုံးဖြစ်နေတယ်ဆိုတာလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ အခု (၅)နှစ်စီမံကိန်းမှာလည်း ဒါတွေကို အရှိန်အဟုန်နဲ့ တိုးချဲ့ပြီးတော့ တပ်ဆင်ဆောင်ရွက်သွားမယ်ဆိုတဲ့ စီမံကိန်းလျာထားချက်တွေကိုလည်း ဝမ်းမြောက်ဝမ်းသာစရာ တွေ့ရှိပြီးပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအခါကျတော့ သုံးစွဲသူများလာရင်၊ ဝယ်လိုအားများလာရင်၊ ဈေးနှုန်းတန်ဖိုးကို လျှော့ချပေးရမှာ ဒါဈေးကွက်ရဲ့ နိယာမ သဘောတရားပဲဖြစ်ပါတယ်။ အဲဒီတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့လည်း ဒီတန်ဖိုးတွေကို ထိုက်ထိုက်တန်တန် လျှော့ချပေးလိမ့်မယ်လို့ ပြည်သူများက ယုံကြည်လက်ခံနေပါတယ်။ ကျွန်တော်တို့ နိုင်ငံတကာမှာ SIM Card ဝယ်ရတဲ့ တန်ဖိုးနဲ့၊ ပြီးတဲ့အခါကျရင် ဒီ SIM Card မှာဖြည့်ဖို့ ငွေဖြည့်ကတ် (Top-Up Card) ဝယ်ရတဲ့တန်ဖိုးနဲ့ဆိုရင် SIM Card တန်ဖိုးက နည်းပါတယ်။ ပြီးတဲ့အခါကျတော့မှ ပိုက်ဆံဖြည့်ပြီးသုံးစွဲရတဲ့တန်ဖိုးက ပိုများပါတယ်။

ဥပမာ - ဖိလစ်ပိုင်နိုင်ငံမှာဆိုရင် ကျွန်တော်တို့ 100 Peso ပဲရှိပါတယ်။ 40 Peso ပဲရှိပါတယ်။ SIM Card က၊ အမေရိကန်ဒေါ်လာ (၁)ဒေါ်လာနဲ့ညီပါတယ်။ ငွေဖြည့်ကတ်က ကျတော့ 100 Peso၊ 200 Peso၊ 300 Peso၊ အမေရိကန်ဒေါ်လာနဲ့ဆို (၁)ဒေါ်လာခွဲ၊ (၅)ဒေါ်လာ၊ (၇)ဒေါ်လာခွဲ အဲဒီလိုသွားပါတယ်။ အဲဒီအခါမှာ ဆက်သွယ်ရေးနဲ့ သတင်းနဲ့နည်းပညာဝန်ကြီးဌာနကနေပြီးတော့ မိုဘိုင်းဖုန်းတွေရဲ့ ဈေးနှုန်းအသစ်ကို ဘယ်လောက်သတ်မှတ်ပေးမယ်ဆိုတာ မသိရှိသေးပေမယ့် ပြည်သူများကတော့ အင်မတန်မှ ရင်ခုန်မျှော်လင့်ပြီး စောင့်စားနေပါတယ်။ ကျွန်တော်တို့ ဒီမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးလည်း ဒီဈေးနှုန်းကို စောင့်စားနေလိမ့်မယ်လို့ ထင်ပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အခု အကောင်အထည်ဖော်တဲ့အခါမှာ ဘာနည်းနဲ့ တွဲဖက်အကောင်အထည်ဖော်လဲဆိုတဲ့ အခါကျတော့ ဆင်းရဲမွဲတေမှု၊ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးအတွက် ကျေးလက်နေပြည်သူများကို မိုဘိုင်းဖုန်းတွေ ချထားပေးတဲ့ အစီအစဉ် အကောင်အထည် ဖော်နေပါတယ်။ ဒါဟာ အင်မတန်မှ သင့်မြတ်မှန်ကန်တဲ့ အစီအစဉ်ဖြစ်ပါတယ်။

ကျွန်တော်တို့ IT ခေတ်ကြီးမှာ မိုဘိုင်းဖုန်းတွေဟာ ကျေးရွာအနှံ့ ခရီးဆန့်နိုင်တာကို ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမှာဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါပေမဲ့ ဒီနေရာမှာ ကန့်သတ်ချက်လေးကတော့ ဘာရှိနေလဲဆိုတော့ မိုဘိုင်းဖုန်းတွေကို ခုဟာ အရစ်ကျ ရောင်းချပေးနေပါတယ်။ (၁)လကို (၁၀၀၀၀)သွင်းရပါတယ်။ သတ်မှတ်ချက်က ဘာပါလဲဆိုတော့ ထပ်မံဈေးနှုန်းလျှော့ချပေးမည့်အချိန်တွင် ပေးသွင်းငွေသည် အဆိုပါ သတ်မှတ်ချက်ထက် ကျော်လွန်နေပါက ကျော်လွန်ငွေကို ပြန်လည်ထုတ်ပေးရန် အစီအစဉ် မရှိကြောင်း ကန့်သတ်ချက် ရှိနေ

ပါတယ်။ တချို့တွေ သုံးသောင်း၊ လေးသောင်း၊ ငါးသောင်းမှသည် သိန်းဂဏန်းနီးပါးသွင်းထားတဲ့ မြို့နယ်တွေလည်းရှိတယ်လို့ ကြားသိရပါတယ်။

အဲဒီတော့ မိုဘိုင်းဈေးတွေဟာ ပြည်သူများမျှော်လင့်သလို တကယ့် ငွေတစ်သောင်း အောက်ဖြစ်စေ၊ အဲဒီဝန်းကျင်ဖြစ်စေ၊ ကျဆင်းသွားတဲ့အခါကျရင် ခုန သွင်းထားတဲ့ ပြည်သူတွေကို၊ ကျေးလက်နေပြည်သူတွေကို ဘယ်လို စီစဥ်ဆောင်ရွက်ပေးမယ်ဆိုတဲ့ အစီအစဥ်လေးတစ်ခုလည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှာ ရှိမယ်လို့ ထင်ပါတယ်။ ဒီနေရာမှာ တင်ပြချင်တာကတော့ နဂိုမူရင်းသွင်းထားခဲ့တဲ့ (၁၅)သိန်းတွေ၊ (၅)သိန်းတွေ၊ (၂)သိန်းတွေကို ဆိုလိုတာ မဟုတ်ပါဘူး။ လက်ရှိအရစ်ကျစနစ်နဲ့ ဖြန့်ဖြူးနေတဲ့အခါမှာ ဒီ ကျေးလက်နေတောင်သူဦးကြီးတွေ (၁)သောင်း၊ (၁)သောင်းနဲ့ သွင်းနေရတဲ့ ငွေတွေထဲကနေပြီးတော့ ဒီလိုဈေးနှုန်းတွေ လျော့ကျသွားတဲ့အခါ ကျရင် သူတို့ ပိုပြီးတော့သွင်းခဲ့တဲ့ ငွေတွေကို ပြန်လည်ပြီးတော့ အမ်းပေးနိုင်ဖို့၊ ပြန်လည်ထုတ်အမ်း ပေးနိုင်ဖို့ အစီအစဥ် ရှိပါသလား၊ ဒါကို အာမခံပေးနိုင်ပါသလားဆိုတာကို မေးမြန်းလိုခြင်း ဖြစ်ပါတယ်။

အလေးအနက် ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းချင်တာကတော့ နိုင်ငံတော်ရဲ့ လုံခြုံရေး ကိစ္စရပ်လည်း မဟုတ်တဲ့အတွက်ကြောင့်မို့လို့ အခု အသစ်လျှော့ချမယ့် မိုဘိုင်းဖုန်းတွေရဲ့ ဈေးနှုန်းဟာ ဘယ်လောက်ဖြစ်ပါမယ်ဆိုတာကို အများပြည်သူတွေက၊ ဆန္ဒအပြည့်နဲ့ မျှော်လင့် စောင့်စားနေတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါလေးကိုလည်း ဖြေကြားပေးပါလို့ ဥက္ကဋ္ဌကြီး ထံမှ တစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၁။**

**ဦးဝင်းသန်း (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာပထမ ဆန္ဒပြုအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး ရဲ့ မိုဘိုင်းဖုန်းတွေကို ဈေးလျှော့ချရန် အစီအစဉ် ရှိတဲ့အတွက် ကျေးလက်နေပြည်သူတွေကို အရစ်ကျရောင်းချမယ့် အစီအစဉ်ကို ဈေးလျှော့ချ ပြီးမှသာ ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ စပ်လျဉ်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းသန်း ဖြေကြားပါမယ်။

ကျွန်တော်တို့ မိုဘိုင်းတယ်လီဖုန်းတွေကို လက်ရှိအနေနဲ့ ယခုထက်ပိုမိုသက်သာမှု ရှိတဲ့ ဈေးနှုန်းနဲ့ ရောင်းချပေးဖို့ စီစဉ်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ မိုဘိုင်းတယ်လီဖုန်းတွေရဲ့ ရောင်းချမယ့် ဈေးနှုန်းကို သတ်မှတ်ပြီးတာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့ ကျေးလက်နေပြည်သူ တွေနဲ့ ပြည်သူတွေကို ရောင်းချပေးမယ့် အစီအစဉ်ကိုလည်း ကျွန်တော် မကြာမြင့်မီကာလမှာပဲ ထုတ်ပြန်ကြေညာပြီးတော့ အသိပေးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီထက်ပိုပြီး ကျွန်တော် အပွင့်လင်းဆုံးဖြေကြားရရင်တော့ ယခုလက်ရှိရောင်းချပေးနေတဲ့ နှုန်းထားထက်များစွာ သက်သာ သွားမှာဖြစ်ပြီးတော့ ပြည်သူလူထုတစ်ရပ်လုံးကနေပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံမယ့် နှုန်းထားမျိုးနဲ့ ကျွန်တော်တို့ ဝန်ဆောင်မှုပေးသွားမှာဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

# အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ကို ဆောင်ရွက်ပါမယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြား ရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဗိုလ်မှူးချုပ်ကျော်ဦးလွင် (ကော်မတီဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် အမျိုးသားလွှတ်တော် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင် မှ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လူဦးရေနှင့် အိမ်အကြောင်းအရာ
သန်းခေါင်စာရင်း ဥပဒေကြမ်းအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာ

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်

၁။ ပြည်ထောင်စုလွှတ်တော်မှ ၇-၁၂-၂၀၁၂ ရက်နေ့တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းတွင် အခန်းပေါင်း(၇)ခန်းနှင့် ပုဒ်မပေါင်း (၂၇)ခုပါရှိပါတယ်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ဤဥပဒေကြမ်း၏ အခန်း(၁) ခေါင်းစဥ်အား "အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်" အစား ယခုပြဋ္ဌာန်းသည့် ဥပဒေသည် ချက်ချင်းအာဏာတည်ရန် လိုအပ်သည့်အတွက်ကြောင့် စတင်အာဏာတည် သည်ဟု ဖော်ပြရန်မလိုအပ်ကြောင်း တွေ့ရှိရသည့်အတွက် "အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်"ဟု လည်းကောင်း ပြင်ဆင်သင့်ပါသည်။ ထို့ပြင် ပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)ပါ ဖော်ပြချက်သည် ဥပဒေပြဋ္ဌာန်းပြီးသည်နှင့် ဥပဒေပါ အချက်များကို ဆောင်ရွက်နိုင်ခြင်းရှိသည့်အတွက် မလိုအပ်၍ ပယ်ဖျက်သင့်ပါသည်။

(ခ) ဤဥပဒေကြမ်း၏ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၊ ပုဒ်မ ၅၊ ပုဒ်မ ၇၊ ပုဒ်မ ၂၅ တို့တွင် ဖော်ပြထားသည့် "အစိုးရ" ဟူသည့် စာသားအစား ပြည့်စုံမှန်ကန်မှုရှိစေရန် "အစိုးရအဖွဲ့" ဟုလည်းကောင်း ပြင်ဆင်သင့်ပါသည်။ ထို့ပြင် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)ပါ အိမ်ထောင်ဦးစီး ဟူသည့် အဓိပ္ပာယ် ဖော်ပြချက်တွင် ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ခွင့်ရှိစေရန်သာ ရည်ရွယ်ခြင်းဖြစ်၍ အိမ်ထောင်စု၏ စားဝတ်နေရေးအတွက် ဟူသည့်စာသား၏ ရှေ့တွင် ဤဥပဒေပါ ကိစ္စအလို့ငှာ ဟူသော စာသားအား ဖြည့်စွက်သင့်ပါသည်။ ပုဒ်မ ၂၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၄ တို့တွင် "စာရင်းကောက်" ဟူသည့် စာသားအစား အသုံးအနှုန်းရှင်းလင်းစေရန် "စာရင်းကောက်သူ"ဟု ပြင်ဆင်သင့်ပြီး ပုဒ်မ ၂၊ ပုဒ်မခွဲ(င)တွင် "အဆိုပါပုံစံ" ဆိုသည့် စာသားအစား "ယင်းပုံစံ" ဟု ပြင်ဆင်သင့်ပါသည်။ ထို့ပြင် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၉ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၇၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၄ တို့တွင် ဖော်ပြထားသည့် "စာရင်းစစ်" ဟူသော စာသားအစား လုပ်ငန်းခွင်နှင့် ပိုမိုအံဝင်မှု ရှိစေရန်နှင့် ပိုမိုရှင်းလင်းစေရန် " ကြီးကြပ်စစ်ဆေးသူ" ဟု ပြင်ဆင်သင့်ပါသည်။ ထို့ပြင် ပုဒ်မ ၂၊ ပုဒ်မခွဲ(စ)တွင် ဖော်ပြထားသည့် "စာရင်းကောက်များကို ကြီးကြပ်စစ်ဆေးသူ" ဟူသော စာသားအစား ကြီးကြပ်စစ်ဆေးသူသည် လုပ်ငန်းခွင်တာဝန်ထမ်းဆောင်နေသော လူပုဂ္ဂိုလ်အပြင် ကောက်ယူထားသော စာရင်းများကိုပါ ကြီးကြပ်စစ်ဆေးရန်လိုအပ်သဖြင့် "စာရင်းကောက်သူများနှင့် ကောက်ယူ

ထားသည့် စာရင်းများကို ကြီးကြပ်စစ်ဆေးသောသူ” ဟု ပြင်ဆင်သင့်ပါသည်။ ထို့ပြင် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဈ)နှင့် (ည)တို့ အား အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ခြင်း မရှိ၍ ပယ်ဖျက်သင့်ပါသည်။

(ဂ) ဤဥပဒေကြမ်းပုဒ်မ ၄ တွင် ဖော်ပြထားသည့် “အကြံပြုချက်များအား” ဟူသော စာသားအစား သဒ္ဒါအသုံးအနှုန်း မှန်ကန်စေရန် “အကြံပြုချက်များကို” ဟု လည်းကောင်း၊ ပုဒ်မ ၆ တွင် ဖော်ပြထားသည့် “ နိုင်ငံတော်သမ္မတက တာဝန် ပေးအပ်ခြင်း ခံရသော ဒုတိယသမ္မတ တစ်ဦးသည် -------- ” ဟူသော စာသား အစား သဒ္ဒါအရေးအသားနှင့် အသုံးအနှုန်းမှန်ကန်စေရန် “နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတတစ်ဦးသည် -------- ” ဟု လည်းကောင်း ပြင်ဆင်သင့်ပါသည်။

(ဃ) ဤဥပဒေကြမ်း ပုဒ်မ ၈၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် “ပြည်ထောင်စု အစိုးရအဖွဲ့၏” ဟူသော စကားရပ်အား အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် အခန်းနှင့် ကိုက်ညီမှုရှိစေရန် “အစိုးရအဖွဲ့၏” ဟုလည်းကောင်း၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသည့် “သန်းခေါင်စာရင်းကောက်ယူရေးအတွက် တာဝန်ရှိသည့် အဖွဲ့အစည်းက တင်ပြသည့် အသေးစိတ်အစီအစဉ်” ဟူသော စကားရပ်တွင် သန်းခေါင်စာရင်းကို ပြည်သူ့အင်အားဦးစီးဌာန တစ်ခုတည်း ကသာ ကောက်ခံရမည်ဖြစ်၍ “သန်းခေါင်စာရင်းကောက်ယူရေးအတွက် ပြည်သူ့အင်အားဦးစီးဌာနက တင်ပြသည့် အသေးစိတ်အစီအစဉ်” ဟု လည်းကောင်း ပြင်ဆင်သင့်ပါသည်။

(င) ဤဥပဒေကြမ်း၏ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသည့် “လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း” ဟူသော စကားရပ် အစား “သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း” ဟု လည်းကောင်း ပြင်ဆင်သင့်ပြီး ပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ)တွင် ဖော်ပြထားသည့် “ဗဟိုသန်းခေါင်စာရင်း ကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သန်းခေါင်စာရင်း ကော်မတီများကိုဖွဲ့စည်းခြင်း” ဟူသော စကားရပ်အစား ဖွဲ့စည်းပုံအခြေခံဥပဒေ တွင် ဖော်ပြပါရှိသည့် ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသများပါ အကျုံးဝင်စေရန်အတွက် “ ဗဟိုသန်းခေါင်စာရင်းကော်မတီ၊

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သန်းခေါင်စာရင်း ကော်မတီများကို ဖွဲ့စည်းခြင်း” ဟုလည်းကောင်း ပြင်ဆင်သင့်ပါသည်။

(စ) ဤဥပဒေကြမ်း၏ ပုဒ်မ ၉၊ ပုဒ်မခွဲ(က)တွင်လည်း “တာဝန်ပေးအပ်နိုင်ခြင်း” ဟူသော စာသားအစား “တာဝန်ပေးအပ်ခြင်း” ဟုလည်းကောင်း၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ)တွင် ဖော်ပြပါရှိသည့် “သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ရန် -------ခန့်ထားခြင်းနှင့် ယင်းသို့ ခန့်ထားခြင်းကို ရုပ်သိမ်းခြင်း” ဟူသော စကားရပ်အစား အဓိပ္ပာယ်ပြည့်စုံစေရန်အတွက် “သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ရန်-----ခန့်အပ်တာဝန်ပေးခြင်းနှင့်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း” ဟုလည်းကောင်း ပြင်ဆင်သင့်ပါသည်။

(ဆ) ဤဥပဒေကြမ်း ပုဒ်မ ၁၀ တွင် ဖော်ပြသည့် “ဝန်ကြီးသည်” ဟူသည့် စာသားအစား “ဝန်ကြီးဌာနသည်” ဟု ပြင်ဆင်သင့်ပြီး “ဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့အင်အားဦးစီးဌာန”ဟူသည့်စာသားတွင်လည်း“ဝန်ကြီးဌာနလက်အောက်ရှိ” ဟူသော စာသားအား မလိုအပ်၍ ပယ်ဖျက်သင့်ပါသည်။ ထို့ပြင် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် “စက်ရုံအလုပ်ရုံ၊ လူမှုရေး၊ ဘာသာရေးနှင့် ပညာရေးဆိုင်ရာဌာန” ဟူသော စကားရပ်အား အရေးအသား မှန်ကန်မှုရှိစေရန် “စက်ရုံအလုပ်ရုံနှင့် လူမှုရေး၊ ဘာသာရေး၊ ပညာရေးဌာန အဖွဲ့အစည်း” ဟုလည်းကောင်း၊ ထို့ပြင် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသည့် “ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင်အဆောက်အအုံ၊စုပေါင်းအိမ်ရာ၊----” ဟူသည့် စကားရပ်အား အစီအစဉ်ကျနမှုရှိစေရန်နှင့် ပြည့်စုံမှုရှိစေရန်“ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်း၊ စုပေါင်းအိမ်ရာ၊ စုပေါင်းပိုင် အဆောက်အအုံ၊--------” ဟု လည်းကောင်း ပြင်ဆင်သင့်ပါသည်။

(ဇ) ဤဥပဒေကြမ်း၏ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)တို့တွင် ဖော်ပြထားသည့် “သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့နှင့် ပုဂ္ဂိုလ်များ” ဟူသော ဖော်ပြချက်တွင် “ပုဂ္ဂိုလ်”ဟူသော အသုံးအနှုန်းသည် လွန်စွာကျယ်ပြန့်သဖြင့် ပုဂ္ဂိုလ်များ ဟူသော စာသားအစား “ကြီးကြပ်စစ်ဆေးသူများနှင့် စာရင်းကောက်သူများ”ဟု ပြင်ဆင်သင့်ပြီး “အဆောက်အအုံများအတွင်းသို့ ဝင်ရောက်ခွင့်” ဟူသော

စာသားအစား တိကျမှုရှိစေရန် "အဆောက်အအုံများအတွင်းသို့ သတ်မှတ်ချိန်အတွင်း ဝင်ရောက်ခွင့်" ဟု ပြင်ဆင်သင့်ပါသည်။ ထို့ပြင် ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသည့် "သတ်မှတ်ထားသော မေးခွန်းပုံစံတွင် ဖြည့်သွင်းရန် ငြင်းဆိုခြင်း သို့မဟုတ် မှားယွင်းစွာဖြေဆိုခြင်း သို့မဟုတ် မှားယွင်းစွာ ဖြည့်သွင်းခြင်းမပြုရ" ဟူသော စကားရပ်အစား အရေးအသားမှန်ကန်စေရန် "သတ်မှတ်ထားသော မေးခွန်းပုံစံတွင် ဖြည့်သွင်းရန် ငြင်းဆိုခြင်း၊ မှားယွင်းစွာဖြေဆိုခြင်း သို့မဟုတ် မှားယွင်းစွာ ဖြည့်သွင်းခြင်းမပြုရ" ဟု ပြင်ဆင်သင့်ပါသည်။

(ဈ) ဤဥပဒေကြမ်း၏ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် "သန်းခေါင်စာရင်းကောက်ယူရေးနှင့် စပ်လျဉ်းသည့် ------------- ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းဆိုခြင်းမပြုရ သို့မဟုတ် ပျက်ကွက်ခြင်းမရှိရ "ဟူသော စာသားအစား အရေးအသားကျစ်လစ်စေရန် " သန်းခေါင်စာရင်း ကောက်ယူရေးနှင့် စပ်လျဉ်းသည့်------------- ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းဆိုခြင်း သို့မဟုတ် ပျက်ကွက်ခြင်းမရှိရ " ဟုလည်းကောင်း၊ ပုဒ်မ ၂၁ ငွေဒဏ်သတ်မှတ်ရာတွင် "ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဟူသော စာသားအစား ဥပဒေ၏ စည်းနှောင်အား ပိုမိုကောင်းမွန်စေရန်အတွက် "ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဟုလည်းကောင်း၊ ထို့ပြင် ပုဒ်မ ၂၄ တွင် ဖော်ပြထားသည့် "သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းတွင် တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်များကို ပြည်သူ့ဝန်ထမ်းအဖြစ် သတ်မှတ်သည်" ဟူသော စာသားအစား ပိုမိုတိကျမှုရှိစေရန် "သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းတွင် တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်များကို တာဝန်ထမ်းဆောင် ချိန်တွင် ပြည်သူ့ဝန်ထမ်းအဖြစ် သတ်မှတ်သည် " ဟု လည်းကောင်း ပြင်ဆင်သင့်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အသေးစိတ်ညှိနှိုင်း၍ စိစစ်ပြင်ဆင်ထားခြင်းအား အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ။ ကျေးဇူးတင်ပါတယ်။

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ် နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၀း၄၁။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေနဲ့ပတ်သက်ပြီး အနည်းငယ် အကြံပြုဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဤသန်းခေါင်စာရင်းဟာ သာမန်အားဖြင့်ကြည့်ရင် လူအရေအတွက်ကို ပုံစံဇယားများနှင့်ဖြည့်သွင်း ကြည့်ဖို့သာဖြစ်ပေမယ့် သန်းခေါင်စာရင်းကောက်ယူချိန်တွင် အတွင်းကျကျ လေ့လာပါ။ သန်းခေါင် စာရင်းမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်တွေ ပါဝင်နေတာကို တွေ့ရပါတယ်။ နိုင်ငံ တစ်နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သန်းခေါင်စာရင်းက ပိုပြီးတော့ အရေးကြီးတယ်။ သန်းခေါင်စာရင်းဟာ အရေးကြီးတဲ့ ကိန်းသေတစ်ခုဖြစ်တာကို တွေ့ရှိရပါတယ်။ ယခု ရေးဆွဲမယ့် ဥပဒေကြမ်းကို နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ ပြဋ္ဌာန်းနိုင်ရန်အတွက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့မှ ဥပဒေပညာရှင်များနဲ့ ညှိနှိုင်း၍လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်မှ စိစစ်အကြံပြုချက် အားလည်းကောင်း ရေးဆွဲသော ဥပဒေကြမ်းဖြစ်တယ်လို့ ဥပဒေကြမ်းရဲ့ ကျိုးကြောင်းဖော်ပြချက်မှာ ပါရှိတာကို တွေ့မြင်ရပါတယ်။

အခု ကျွန်တော့်ရှေ့က တင်ပြသွားတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ဒီဥပဒေနဲ့ ပတ်သက်ပြီးတော့ တင်ပြချက်ဟာလည်း အလွန်တရာမှ ကောင်းသော တင်ပြချက်ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးထောက်ခံအပ်ပါတယ်။ ဒါပေမဲ့ ဥပဒေအမည်နဲ့ ပတ်သက်ပြီးတော့ အနည်းငယ်အကြံပြုလိုပါတယ်။ ဥပဒေကြမ်း အခန်း(၁)၊ ပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)မှာ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့်နေ့မှ စတင်၍ အာဏာတည်စေရမည်ဟု ပြဋ္ဌာန်းဖော်ပြထားပါကြောင်း၊ ဤဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ကြီးသို့ တင်ပြပြီး နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရန် ယခုနှစ်ဖြစ်တဲ့ ၂၀၁၃ ခုနှစ်ကို အစွဲပြုပြီးတော့ ဥပဒေ၏အမည် ၂၀၁၃ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေဟု ခေါ်တွင်သတ်မှတ်ပါက သဘာဝကျမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥပဒေတစ်ခုလုံးကို ခြုံငုံစစ်ပိုင်းကြည့်မည်ဆိုပါက ကော်မတီက တင်ပြထားခဲ့တဲ့အတိုင်း အခန်း(၇)ခန်း၊ ပုဒ်မ(၂၇)ခုတည်းသာ ပါရှိကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ အခန်း(၇)ခန်းနှင့် ပုဒ်မ(၂၇)ခုအနက်မှ ဥပဒေကြမ်း အခန်း(၄)၊ သန်းခေါင်စာရင်း ကောက်ယူခြင်းကဏ္ဍမှာ ပါရှိသော ပုဒ်မ ၁၂၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ တို့နဲ့ပတ်သက်၍လည်း အနည်းငယ်တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်း ပုဒ်မ ၁၂ အရ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ပုဒ်မခွဲ(က) သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့နှင့် ပုဂ္ဂိုလ်များသည် အဲဒီမှာ ပုဂ္ဂိုလ်ကတော့ ပြင်လိုက်ပါပြီ။ တာဝန်ကျရာဒေသ၌ အဆောက်အအုံအတွင်းသို့ ဝင်ရောက်ခွင့်နှင့် အဆောက်အအုံအတွင်း လိုအပ်သည့် အမှတ်အသားများ ပြုလုပ်ခွင့်ရှိသည်ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ(ခ)မှာ စာရင်းကောက်က ဒါလည်း ပြင်လိုက်ပါပြီ။ သတ်မှတ်ထားသော ဒေသအတွင်းရှိ ပြည်သူများအား သတ်မှတ်ထားသော မေးခွန်းများ မေးမြန်းခြင်း၊ သတ်မှတ်ထားသော ပုံစံများတွင် ဖြည့်သွင်းစေခြင်းများ ဆောင်ရွက်ရာ၌ မေးခွန်း မေးမြန်းခံရသူသည် မေးခွန်းများ မှန်ကန်စွာ ဖြေဆိုရန်နှင့် စာရင်းပုံစံများတွင် မှန်ကန်စွာဖြည့်သွင်းရန် တာဝန်ရှိသည်ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ(ဂ)မှာ မေးခွန်းဖြေဆိုသူသည် အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စု၏ တာဝန်ရှိသူ အိမ်ထောင်စုဝင်ဖြစ်ရမည် ဟူ၍လည်းကောင်း ဖော်ပြထားရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော် ခုန တင်ပြထားတဲ့ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဂ)မှာ ဖော်ပြထားတဲ့အကြောင်းအရာတစ်ခုနဲ့ ပတ်သက်ပြီးတော့ အနည်းငယ်ဆွေးနွေး တင်ပြလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဤဥပဒေ၏စာသားမှာ မေးခွန်းကို ဖြေဆိုသူသည် အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စု၏ တာဝန်ရှိသူ အိမ်ထောင်စုဝင်ဖြစ်သည်ဆိုတာ တစ်ယောက်တည်း ဖြစ်နေပါတယ်။ ကျန်တဲ့မိသားစုက ရှိရင်လည်းရတယ်။ မရှိရင်လည်း မရဘူး ဆိုတဲ့သဘော ဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စကို လေးလေးနက်နက် စဉ်းစားဝေဖန်ဖို့ လိုပါတယ်။ တကယ်လို့များ ရန်ကုန်မှာရှိတဲ့ မိသားစုဝင်တစ်ဦးက၊ မိသားစုတစ်စုက မိသားစုဝင်တစ်ဦးက၊ ဖြေလိုက်ရင် ဥပမာ ကျွန်တော်တို့ မြို့နယ်ဖြစ်တဲ့ ဘူးသီးတောင်မြို့က လူတစ်ယောက်ကို အဲဒီမှာ တူ ဆိုပြီးတော့ သို့မဟုတ် ချွေးမ ဆိုပြီးတော့ သို့မဟုတ် ဝမ်းကွဲညီ ဆိုပြီးတော့ အဲဒီစာရင်းမှာ ထည့်ထားလိုက်ရင် နောက်ထပ် အိမ်ထောင်စုစာရင်းမှာ ရန်ကုန်မှာပဲ သူ့နာမည်က ပေါ်နေတဲ့ အတွက် လ.ဝ.က ဥပဒေနဲ့ တရားစွဲဆိုလို့ ရနိုင်ပါတယ်။

ထို့အတူ ကျွန်တော်တို့ နယ်စပ်ဒေသဖြစ်တဲ့ ဘူးသီးတောင်၊ မောင်တောက ကိုယ့် အိမ်ထောင်စု တစ်စုက၊ အိမ်ထောင်စုဝင်တစ်ယောက်က တစ်ဖက်နိုင်ငံက လူတစ်ဦး၏နာမည်ကို ထည့်ထားရင်လည်း အဲဒီလူက လျှို့ဝှက်ပြီးတော့ အဲဒီမှာနေရင်၊ အဲဒီမှာ သန်းခေါင်စာရင်းမှာ ပါဝင်သွားတဲ့အတွက် အိမ်ထောင်စုစာရင်းပြုတဲ့အချိန်မှာ အဲဒီသန်းခေါင်စာရင်းအတိုင်း ပြုလိုက် ရတဲ့အတွက် သူ့ကို အရေးယူဖို့အတွက် အခက်အခဲရှိမယ်လို့ ထင်မြင်မိပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော့် အတွေ့အကြုံအရ တစ်ခုတင်ပြလိုပါတယ်။ ၁၉၇၈-၇၉ ခုနှစ်လောက်မှာ ကျွန်တော့်အိမ်နဲ့က တရားရုံးက နီးပါတယ်။ ကျွန်တော် ဝင်ပြီးတော့နားထောင်ပါတယ်။ ကျွန်တော် လည်း ဥပဒေကျောင်းသားတစ်ယောက်ဆိုတော့ နားထောင်တော့ လူတစ်ဦး တစ်ယောက်ကို တရားရုံးမှာ တရားစွဲတဲ့အခါ လ.ဝ.က ဥပဒေ ပုဒ်မ ၁၃၊ လတ်တလော ပြဋ္ဌာန်းချက်ဥပဒေပုဒ်မ ၃(၁) အရ တစ်ဖက် နိုင်ငံကလူဆိုပြီးတော့ စွပ်စွဲခံထားရတာ ရှိပါတယ်။ သူက ဒီလိုမဟုတ်ပါဘူး။ ၁၉၇၃ ခုနှစ်က ကျွန်တော်ဟာ ဒီမှာပဲ သန်းခေါင်စာရင်းစာအုပ်မှာ ပါပါတယ်ဆိုပြီးတော့ သန်းခေါင်စာရင်း မိတ္တူပေါ့။ သန်းခေါင်စာရင်းကောက်တဲ့ အဲဒီတုန်းကတော့ ၁၉၇၃ ခုနှစ် ကတော့ က/လ - ၀၁ ခေါ်တဲ့ပုံစံကို တရားရုံးမှာ တင်ပြတာကို ကျွန်တော်တွေ့ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒါကတော့ တစ်ဖက်ရွေ့နေရဲ့ လျှောက်လဲချက်အရ အဲဒါက သက်သေခံ မဝင်ပါဘူး။ အဲဒီလို အခက်အခဲတွေ အများကြီးရှိပါတယ်။

ဒါကြောင့် ဤဥပဒေပုဒ်မ ၁၂(ဂ)ကို သတိကြီးကြီးနဲ့ ဒီဥပဒေမှာသော်လည်းကောင်း၊ နည်းဥပဒေမှာသော်လည်းကောင်း၊ ဝေဖန်သုံးသပ်ပြီးတော့ ကြပ်ကြပ်မတ်မတ်ဖြစ်ရန်လိုကြောင်း ကျွန်တော်အကြံပြုလိုပါတယ်။ တဖန် ပုဒ်မ ၁၃ မှာ သန်းခေါင်စာရင်း ကောက်ယူသော အချက်အလက်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်း၊ စာအုပ်များကို သန်းခေါင်စာရင်း ကောက်ယူရန် တာဝန်ရှိသူမှအပ မည်သူမျှ စစ်ဆေးခွင့် သို့မဟုတ် ကူးယူထိန်းသိမ်းခွင့် မရှိရဟူ၍လည်းကောင်း ဖော်ပြထားပြီး၊ ပုဒ်မ ၁၄ တွင် ဤဥပဒေအရ သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်း ဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စမျှအတွက် အသုံးပြုခွင့် သို့မဟုတ် စစ်ဆေးခွင့် မရှိရဟူ၍လည်းကောင်း ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

ဤဥပဒေနဲ့ ပတ်သက်ပြီးတော့ အထက်ပါဖော်ပြထားတဲ့ ဥပဒေမှာ အခန်း(၅)၊ တားမြစ်ချက် ကဏ္ဍမှာ ကျွန်တော်တင်ပြခဲ့တဲ့ ဥပဒေပုဒ်မ ၁၂(က)၊ ၁၂(ခ)၊ ၁၂(ဂ) တို့အပေါ် ပုဒ်မ ၁၆ ဖြင့် တားမြစ်ချက်များ ပြဋ္ဌာန်းထားပြီး တခြားပုဒ်မ ၁၇၊ ပုဒ်မ ၁၈ တို့ကိုလည်း တားမြစ်ချက်အဖြစ် ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။ အထက်ပါ တားမြစ်ချက်များကို အခန်း(၆)၊ ပြစ်မှုနဲ့ ပြစ်ဒဏ် ကဏ္ဍမှာ ပုဒ်မ ၁၆ ကို ပုဒ်မ ၁၉ ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၇ ကို ပုဒ်မ ၂၀ ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၈ ကို ပုဒ်မ ၂၁ ဖြင့်လည်းကောင်း ပြစ်ဒဏ်သတ်မှတ်ထားတာကို တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ အထက်ဖော်ပြထားတဲ့ အခန်း(၄)၊ ပုဒ်မ ၁၂ အပေါ် ပြစ်ဒဏ်များ ပြဋ္ဌာန်းထားသော်လည်း ၎င်းအခန်း(၄)၊ ပုဒ်မ ၁၃၊ ၁၄ တို့နှင့်ပတ်သက်ပြီးတော့ ပြစ်မှု၊ ပြစ်ဒဏ် သတ်မှတ်ထားသည်ကို မတွေ့ရှိကြောင်း တွေ့ရှိရပါတယ်။

အဆိုပါ ပုဒ်မ ၁၃ နှင့် ၁၄ နဲ့ ပတ်သက်ပြီးတော့ ပြဋ္ဌာန်းချက်အပေါ်မှာ ကျူးလွန်မှုရှိပါက မည်သို့ ပြစ်မှု၊ ပြစ်ဒဏ်များ ချမှတ်မည်ကို ထည့်သွင်းဖော်ပြရန်အတွက် အထူးလိုအပ်လျက်ရှိနေကြောင်း ထင်မြင်မိပါတယ်။ အဘယ်ကြောင့်ဆိုသော် ပုဒ်မ ၁၃၊ ၁၄ က တားမြစ်ချက်များဖြစ်ပါ၍ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်ရသည့် ပုဒ်မများ ဖြစ်နေပါတယ်။ ထို့အပြင် အဆိုပါ ပုဒ်မ ၁၃၊ ၁၄ တို့တွင် ပါတဲ့ အကြောင်းအရာများမှာလည်း ကျေးရွာများမှာ ဖြစ်ပေါ်လာတဲ့ အလေ့အထများ၊ ကိစ္စများ၊ ဖြစ်လေ့ဖြစ်ထရှိတဲ့လုပ်ငန်းများ ရှိနေတာကို ကျွန်တော်မှ ကိုယ်တွေ့တွေ့ကြုံဖူးပါတယ်။

ဥပမာ သာဓကအားဖြင့် တင်ပြရမည်ဆိုပါလျှင် ၁၉၈၃ ခုနှစ်မှာ သန်းခေါင်စာရင်း တစ်ကြိမ်ကောက်ခဲ့ပါတယ်။ အဲဒီသန်းခေါင်စာရင်းကာလမှာ ကျွန်တော်ကတော့ အဲဒီတုန်းက အလုပ်သင် ရှေ့နေ ဘဝနဲ့ လက်တွေ့သင်ကြားနေရတဲ့အချိန် ဖြစ်ပါတယ်။ ၁၉၈၃ ခုနှစ်ကုန်ခါနီးမှာ ကျေးရွာသားတစ်ဦးက ကျွန်တော့် Master,ကျွန်တော့်ရဲ့ဆရာဆီကိုလာပြီးတော့ ဘယ်လိုပြောလဲ ဆိုတော့ ကျေးရွာက လူတစ်ယောက်က လ.ဝ.က ကပေးတဲ့ စာရင်းကောက်နဲ့အတူတူ သွားပြီးတော့၊ လိုက်ပြီးတော့ လ.ဝ.က ပေးတဲ့ ပုံစံအပို တစ်ရွက်ကို ကာဗွန်စက္ကူနဲ့ အပိုကူးပြီးတော့ အပိုတစ်ချပ် တစ်ချပ်စီယူပြီး သိမ်းဆည်းထားတယ်။ အဲဒီသိမ်းဆည်းထားတဲ့အထဲမှာ လူတစ်ဦးတစ်ယောက်က မသမာနည်းနဲ့ တိုင်စာပစ်စာတွေ လုပ်ဖို့အတွက်ဆိုပြီးတော့ တစ်ဦးတစ်ယောက်ရဲ့ မှတ်ပုံတင် နံပါတ်ကိုတောင်းရင် အဲဒီလူက အဖိုးစားနားယူပြီးတော့ထုတ်ပေးတယ်။ နောက်ပြီးတော့ သန်းခေါင် စာရင်းဟာ ကျေးရွာမှာ ကြေညာတာပေ့ါ။ လူဦးရေစာရင်း အိမ်ထောင်စုစာရင်း ဖြစ်တယ်။ လိုအပ် တဲ့လူ လာယူပါဆိုတော့ လိုအပ်တဲ့လူတွေက သွားယူတဲ့အခါ မိတ္တူတစ်စောင်ကို ငွေ(၁၀၀)နှုန်းနဲ့ ကောက်ပြီးတော့၊ ရောင်းချတယ်ဆိုပြီးတော့ အဲဒီလိုလုပ်နေတာကို တိုင်ကြပါတယ်။ အဲဒီလူကို ဒါနဲ့ ရွာသူရွာသားတွေကတော့ အဲဒါကို မသင်္ကာလို့ လ.ဝ.က ဌာနကို သွားပြီးတော့ မေးမြန်း ကြည့်တယ်။ လ.ဝ.က ဌာနက ဒါက တရားမဝင်ဘူးလို့ ပြောလိုက်တဲ့အတွက် အဲဒီလူဆီက ငွေ(၁၀၀)စီကို ပြန်တောင်းတဲ့အခါ မရတဲ့အတွက် မကျေနပ်ပြီး သူက အမှုဖွင့်ဖို့အတွက် ကျွန်တော့်ရဲ့ ဆရာဆီကိုလာတာကို တွေ့ရှိပါတယ်။

အဲဒီလို စာရွက်စာတမ်း ၁၃၊ ၁၄ မှာ ပါတဲ့ စာရွက်စာတမ်းကို သိမ်းဆည်းပြီးတော့ အခြားနည်းလမ်းသုံးတဲ့ ဥစ္စာတွေ အများကြီးရှိပါတယ်။ အဲဒါကို ယခင်ခေတ်ကတော့ ဒီလိုမျိုး အမှုအခင်းတွေ မတိုးတက်တဲ့ခေတ်တုန်းက အမှုအခင်းတွေ ရှိခဲ့ပါတယ်။ နောက်ပြီးတော့ တခြား ကျေးရွာတွေမှာလည်း လုပ်နေတယ်ဆိုတဲ့အကြောင်းကို ကျွန်တော်ကတစ်ဆင့် ကြားသိရတဲ့အတွက် ဒီမှာတော့ မတင်ပြတော့ပါဘူး။ ဒါနဲ့ ယခုခေတ်မှာဆိုရင် ဘယ်လိုပုံစံမျိုးနဲ့ မသမာမှုမျိုး ပြုလုပ် လျှင် ဘယ်လိုပုံစံမျိုး အခက်အခဲ ကြုံတွေ့ရမယ်၊ ဘယ်လိုပုံစံမျိုး စိန်ခေါ်မှုတွေ ဖြစ်လာမယ်ဆို တာကို ခန့်မှန်းမသိနိုင်တဲ့အတွက် ဒီဥပဒေကြမ်း ပုဒ်မ ၁၃ နဲ့ ၁၄ နဲ့စပ်လျဉ်း၍ ပြစ်ဒဏ် တစ်ရပ်ရပ် သတ်မှတ်ပေးစေလိုပါကြောင်း အကြံပြုရင်း ကျွန်တော့်ရဲ့ တင်ပြချက်ကို လေးစားစွာ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၆။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနဲ့ ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းကို ကျွန်တော် ဆွေးနွေးပါမယ်။

နိုင်ငံတစ်နိုင်ငံအတွက် သန်းခေါင်စာရင်းဟာ အလွန်အရေးကြီးပါတယ်။ တစ်နိုင်ငံလုံးရဲ့ လူဦးရေ၊ လူမှုရေး၊ စီးပွားရေး အခြေအနေတို့ကို သန်းခေါင်စာရင်းမှာ ကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး စီမံကိန်းများ ရေးဆွဲရာမှာလည်း သန်းခေါင်စာရင်းကို အခြေခံပြီး ရေးဆွဲရပါတယ်။ ဒေသအလိုက် စီမံကိန်းကိုလည်း တိကျမှန်ကန်တဲ့ သန်းခေါင်စာရင်းကို အခြေခံပြီး တိတိကျကျရေးဆွဲနိုင်ပါတယ်။ တိုင်းရင်းသားလူမျိုးတို့ရဲ့ အခြေအနေကိုသိပြီး တိုင်းရင်းသားလူမျိုးအလိုက် လိုအပ်တဲ့ စီမံကိန်းကိုလည်း ရေးဆွဲနိုင်ပါတယ်။ ဝန်ကြီးဌာနအလိုက် စီမံကိန်းများ ရေးဆွဲရာမှာလည်း တိကျမှန်ကန်ပြည့်စုံတဲ့ သန်းခေါင်စာရင်းကို အခြေခံပြီး ရေးဆွဲနိုင်ပါတယ်။ သန်းခေါင်စာရင်းကို ကြည့်ခြင်းအားဖြင့် တိုင်းပြည်တစ်ပြည် ဘယ်လောက် တိုးတက်တယ်၊ ဘယ်လောက် ဆုတ်ယုတ်သလဲဆိုတာ သိနိုင်တယ်။ ဘယ်လို ပြုပြင်ရမှာကိုလည်း မှန်ကန်တဲ့နည်းလမ်းကို ရှာတွေ့နိုင်ပါတယ်။ ဒါကြောင့် သန်းခေါင်စာရင်းကောက်ခြင်းဟာ အလွန်အရေးကြီးပြီး၊ အလွန်တန်ဖိုးရှိတဲ့ အလုပ်တစ်ခု ဖြစ်တယ်။ တစ်မျိုးသားလုံး လှုပ်ရှားမှုအနေဖြင့် လုပ်ဆောင်ရမည့် အမျိုးသားရေးတစ်ခု ဖြစ်ပါတယ်။ ဤဥပဒေကြမ်းဟာလည်း အလွန်အရေးကြီးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းကို ၂၀၁၃ ခုနှစ်မှာမှ ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုမှာဖြစ်လို့ ၂၀၁၃ ခုနှစ်၊ ဥပဒေအဖြစ် သတ်မှတ်ရန် အကြံပြုပါတယ်။ ဒီဥပဒေကြမ်းမှာ ပုဒ်မ(၂)၊ ပုဒ်မခွဲ(င)မှာ ပါရှိတဲ့ အိမ်ထောင်ဦးစီးဆိုသည်မှာ အိမ်ထောင်စု၏ စားဝတ်နေရေး အတွက် တာဝန်ယူသူကို ဆိုသည်လို့ ပါရှိတယ်။ ဒီနေရာမှာဆိုရင် ထုံးစံအတိုင်းပဲ လင်ယောကျ်ား ကိုသာ အိမ်ထောင်ဦးစီးရယ်လို့ ဖော်ပြကြမှာဖြစ်ပါတယ်။ အစဉ်အလာအရ အဲဒီလိုပဲ ရေးနေကြ တယ်ဆိုတာ အဲဒီအတိုင်းပဲ စာရင်းထဲမှာ ဖြည့်ကြမှာပါ။ အချို့လင်ယောကျ်ားတွေဟာ ကျန်းမာရေး မကောင်းလို့၊ အချို့လင်ယောကျ်ားတွေက လောင်းကစား၊ သောက်စားမူးယစ်နေပြီးတော့ ဇနီး ဖြစ်သူသာလျှင် မိသားစုရဲ့ စားဝတ်နေရေးအတွက် တာဝန်ယူနေတာတွေ ရှိပါတယ်။

ဒါကြောင့် ပုဒ်မခွဲ(င)မှာ အိမ်ထောင်ဦးစီး ဆိုသည်မှာ အိမ်ထောင်စု၏ စာဝတ်နေရေး အတွက် ဦးစီးတာဝန်ယူရသူ အမျိုးသား သို့မဟုတ် အမျိုးသမီး၊ လင်ယောကျ်ား သို့မဟုတ် ဇနီး ကို ဆိုသည်ဟု ထပ်ဖြည့်ရေးရန် အကြံပြုပါတယ်။ အဖြစ်မှန်၊ အခြေအနေမှန်ကို ဖော်ပြတာလည်း ဖြစ်တယ်။ အမျိုးသမီးကို အသိအမှတ်ပြုတဲ့ သဘောလည်း ဖြစ်တယ်။ အစဉ်အလာသစ်တစ်ခုကို ကျွန်တော်တို့ ဖန်တီးတဲ့သဘောမျိုးလည်း ဖြစ်တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဂ)ကို ပုဒ်မခွဲ(င)အဖြစ် ပြောင်းပြီးတော့ ပုဒ်မခွဲ(ဂ) အသစ်ကို ဖြည့်စေချင်ပါတယ်။ အသစ်ထပ်ဖြည့်မယ့် ပုဒ်မခွဲ(ဂ)ကတော့ စာရင်းကောက်သူ သည် ဖြေဆိုသူ၏ ဖြေကြားချက်ကို မှန်ကန်စွာ စာရင်းပုံစံတွင် ဖြည့်ရမည်၊ ဖြည့်သွင်းရမည်လို့ ကျွန်တော် ထပ်ဖြည့်ချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ယနေ့ ကျွန်တော်တို့ တွေ့ရတဲ့ အတွေ့အကြုံအရ သန်းခေါင်စာရင်း၊ အိမ်ထောင်စု၊ မှတ်ပုံတင်၊ မွေးစာရင်း၊ အဲဒီလို လုပ်တဲ့ အခါမှာ ဖြည့်တဲ့သူတွေက ဖြည့်ချင်သလို ဖြည့်သွားကြတယ်။ ဒါတွေ အများကြီး အမှားအယွင်း ရှိပါတယ်။

ဒီလာမယ့် သန်းခေါင်စာရင်းမှာ အဲဒီလို အမှားမျိုး မရှိရအောင် ရည်ရွယ်ပြီးတော့ မှန်ကန်တဲ့ သန်းခေါင်စာရင်းဖြစ်အောင် ဒါကြောင့် အဲဒီပုဒ်မခွဲ(ဂ)ကို စာရင်းကောက်တဲ့အခါ စာရင်းကောက်သူသည် ဖြေဆိုသူ၏ ဖြေကြားချက်ကို မှန်ကန်စွာ စာရင်းပုံစံတွင် ဖြည့်ရမည် ဆိုပြီးတော့ ဒါကြောင့် ကျွန်တော် ထပ်ထည့်တယ်။ ဒါကြောင့် အရေးယူတဲ့အခါမှာလည်းပဲ အရေးယူ လို့ရအောင် ရည်ရွယ်ပြီး ဖြည့်ထားခြင်းဖြစ်ပါတယ်။ ပုဒ်မခွဲ(ဂ)ကိုလည်း အသစ်ထပ်ဖြည့်ရန်

ဖြစ်တယ်။ (ဂ)မဟုတ်ဘူး။ (ဃ)ပါခင်ဗျ။ ကျွန်တော် မှားသွားပါတယ်။ ပုဒ်မခွဲ(ဃ)အသစ် ထပ်ဖြည့်ရန် ကျွန်တော်အကြံပြုပါတယ်။ ပုဒ်မခွဲ(ဃ)မှာ မိသားစုအလိုက် နိုင်ငံအတွင်းရှိ အခြား ဒေသသို့ သို့မဟုတ် နိုင်ငံပြင်ပသို့ ရွှေ့ပြောင်းအလုပ်လုပ်သူများ၏ စာရင်းကို အနီးစပ်ဆုံး ဆွေမျိုး သို့မဟုတ် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် စာရင်းကောက်ခံယူရန်ဟု အသစ်ထပ်ဖြည့်ဖို့ အကြံပြုပါတယ်။

ဘာကြောင့်လဲဆိုတော့ မိသားစုအလိုက် ပြည်ပကို ပြောင်းပြီးတော့ အလုပ်လုပ်နေထိုင် နေတာ ယာယီလည်းရှိတယ်။ အကြာကြီးနေတာလည်း ရှိတယ်။ အဲဒါတွေ အများကြီး ရှိတယ်။ ပြည်တွင်းဒေသမှာ ပြောင်းရွှေ့အလုပ်လုပ်နေကြတဲ့သူများ ဘယ်လောက်ရှိလဲ ဆိုတာတော့ ခန့်မှန်း ထားတဲ့ စာရင်းဇယား မရှိသေးဘူး။ ပြည်ပမှာ သွားအလုပ်လုပ်တဲ့သူ အရေအတွက်ဟာ နိုင်ငံတော် သမ္မတကြီး မိန့်ကြားတာရှိခဲ့ပါတယ်။ အလုပ်သမားချည်းပဲ မဟုတ်ဘူး။ မိသားစုအလိုက် ပြောင်းရွှေ့ ပြီးတော့ အလုပ်သွားလုပ်ကြတာ အတော်များများ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သန်းခေါင် စာရင်း ကောက်တဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံသားအားလုံး ပါဝင်လာနိုင်အောင် ရည်ရွယ်ပြီးတော့ သန်းခေါင်စာရင်း ကောက်တဲ့အခါမှာ ဒီပုဒ်မကို ကျွန်တော် ထပ်ဖြည့်ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)တွင် လူမှုရေး၊ ဘာသာရေးနှင့် ပညာရေး ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ တာဝန်ရှိသူ ဟူ၍သာ ဖော်ပြသင့်ပါတယ်။ သူတို့သာလျှင် ပြည်သူတို့ကြားမှာ စာရင်းကောက်လျှင် ပြည်သူတို့ မကြောက်မရွံ့၊ ယုံယုံကြည်ကြည်၊ မှန်မှန် ကန်ကန် စာရင်းပေးနိုင်တယ်။ ဒါဟာ အရေးကြီးပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စာရင်းသွား ကောက်တဲ့အခါမှာ ဒီခုနက ပြည်သူတွေကြောက်တဲ့ အစိုးရဝန်ထမ်းဌာနတစ်ခုခုက ပုဂ္ဂိုလ်ပါ လာရင် မဖြေရဲတော့ဘူး။ ဘာလို့လဲဆိုရင် သူတို့ ဖြေတဲ့အဖြေအပေါ်မှာကို အဖြေကို ယူပြီးတော့ တစ်ချိန်ချိန်မှာပြန်ပြီးတော့ ငွေညှစ်မယ်၊ ဒုက္ခပေးမယ်ဆိုတဲ့ အမြင်မျိုးဟာ ကျွန်တော်တို့ ပြည်သူမှာ ရှိနေပါတယ်။ ကျွန်တော်တို့ ပြည်သူဟာ အနှစ်(၄၀)၊ (၅၀)အတွင်းမှာ လွတ်လပ်မှု မရှိဘဲနဲ့ ဒီအုပ်ချုပ်ရေးရဲ့ အမျိုးမျိုးချယ်လှယ်ဖိနှိပ်ခံခဲ့ပေါင်းများတော့ ကြောက်လာတယ်။

အဲဒီတော့ ကျွန်တော်တို့ သန်းခေါင်စာရင်း ကောက်တဲ့အခါမှာ ဒီမှန်ကန်တဲ့ စာရင်း ဇယားရဖို့အတွက် ပြည်သူတွေ ယုံကြည်စိတ်ချတဲ့ လူမှုရေး၊ ဘာသာရေး၊ ပညာရေး၊ ဒီလိုဌာန မျိုးကိုပဲ အဓိက အသုံးချဖို့ ရည်ရွယ်ခြင်းအားဖြင့် ကျွန်တော်က အဲဒီ ပုဒ်မခွဲ(က)မှာ အဲဒီလို

ဖော်ပြတယ်။ အဲဒီ(က)မှာ နဂိုကပါတဲ့ စာပိုဒ်များဖြစ်တဲ့ တပ်ရင်းတပ်ဖွဲ့ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းထောင်၊ ဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံတာဝန်ရှိသူတို့ကို ပုဒ်မခွဲ(ခ)တွင် ပေါင်းထည့်ပါ။ ဒါကြောင့် အဲဒီပုဒ်မခွဲ(ခ)မှာ ဘာဖြစ်သွားသလဲဆိုတော့ တပ်ရင်းတပ်ဖွဲ့၊ ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းထောင်၊ ဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံ တာဝန်ရှိသူများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင် အဆောက်အအုံ၊ စုပေါင်းအိမ်ရာ၊ အဆောင်၊ အသင်းအဖွဲ့ပိုင် အဆောက်အအုံစသည်တို့၏ တာဝန်ခံ သို့မဟုတ် မန်နေဂျာ ဟု ရေးဖို့ အကြံပြုပါတယ်။ ပုဒ်မခွဲ(ဂ)ကိုတော့ နဂိုအတိုင်း ဆက်ထားဖို့ အကြံပြုပါတယ်။

ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)တို့ဟာ သက်ဆိုင်ရာဌာနလုပ်ငန်းတွေမှာ စာရင်းကောက်ဖို့အတွက် ရည်ရွယ်ထားတဲ့ သဘော ရှိပါတယ်။ ပုဒ်မ ၁၇ မှာ ပုဒ်မခွဲ(ဃ)ကို ထပ်ဖြည့်ပါမယ်။ ထပ်ဖြည့်မယ့် ပုဒ်မခွဲ(ဃ)ကတော့ ပုဒ်မ(၁၂)၊ ပုဒ်မခွဲ(ဂ)အရ ဖြေဆိုသူ၏ ဖြေကြားချက်များကို မှားယွင်းစွာ စာရင်းပုံစံတွင် မဖြည့်သွင်းရ။ ဒါကို ဖြည့်ဖို့လိုတယ်။ ဘာကြောင့်လဲဆိုတော့ ခုနက ကျွန်တော်တို့ ရှင်းပြသွားပြီ။ စာရင်းကောက်တဲ့သူဟာ ဖြည့်ချင်သလိုဖြည့် ရေးချင်သလိုရေးတာဟာ တော်တော်လေးများခဲ့ပြီ။ ဒီလာမယ့် သန်းခေါင်စာရင်းမှာ အဲဒီလို မဖြစ်အောင်၊ နောက်ပြီးတော့ ခုနတုန်းက တားမြစ်ချက်၊ အရေးယူချက်မှာလည်းပဲ ပါရှိပြီးသားပဲ။ အဲဒီတော့ ဒီပုဒ်မကို ဖြည့်လိုက်ခြင်းအားဖြင့် အရေးယူတဲ့အခါမှာလည်း အရေးယူနိုင်ပါတယ်။

ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)ကို လိုအပ်ပါက ပုဒ်မခွဲ(ဃ)မှာ ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)မှာ လိုအပ်ပါက နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ဝန်ကြီးဌာနမှ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီးမှ ပြည်ထောင်စုအစိုးရက ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ဖို့ တင်ပြပါတယ်။ ဘာလဲဆိုတော့ ဒီနည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းဟာ ကျွန်တော်တို့ ဒီလာမယ့် ၂၀၁၄ ခုနှစ်မှာ သန်းခေါင်စာရင်း ကောက်မယ်ဆိုရင် မတ်လမှာ သန်းခေါင်စာရင်းကောက်ဖို့ ကျွန်တော် စီမံကိန်းမှာ တွေ့ခဲ့ပါတယ်။ အဲဒီတော့ ဒါကို ခပ်မြန်မြန်နဲ့ နောက်ပြီးတော့ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းဟာ ပြည့်စုံမှု ရှိ/မရှိ၊ ခိုင်လုံမှု ရှိ/မရှိ၊ အကျိုးအကြောင်း ဆီလျော်မှု ရှိ/မရှိ ဆိုတာလည်းပဲ လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် သန်းခေါင်စာရင်း ကောက်တဲ့အခါမှာ ဝင်ရောက်ကူညီ နိုင်အောင်၊ ကြိုတင်ပြီးတော့ နားလည်နိုင်အောင်၊ ပိုပြီးတော့ ကောင်းနိုင်အောင် အကြံဉာဏ် ပေးနိုင်ဖို့အတွက် ဒီလွှတ်တော်မှာကို အမြန်ဆုံး တင်ပြနိုင်ဖို့ ဒါကိုလည်း ကျွန်တော် အကြံဉာဏ် ပေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလိုဆွေးနွေးခွင့်ရတဲ့အတွက် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးကို ခေတ္တ(၁၅)မိနစ်ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၈။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၈) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၃၀) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည်ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးနိုန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ အခြေခံပညာ ဆရာ/ဆရာမများ၏ စွမ်းဆောင်ရည် မြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲများ ဖြည့်ဆည်းကူညီပံ့ပိုးပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန်အစည်းအဝေး ၆-၁၁-၂၀၁၂ ရက် နဝမနေ့တွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုန်းခင်းပေါင် တင်သွင်းထားတဲ့ အခြေခံ ပညာ ဆရာ/ဆရာမများ၏ စွမ်းဆောင်ရည် မြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲများ ဖြည့်ဆည်းကူညီ ပံ့ပိုးပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ် (၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်ကျော် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၁း၃၀။**

**ဗိုလ်မှူးကြီး အောင်ကျော် (တပ်မတော်သား ကိုယ်စားလှယ်)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၁၉၇၁၇ ဗိုလ်မှူးကြီး အောင်ကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုန်းခင်းပေါင် တင်သွင်းတဲ့ အခြေခံပညာ ဆရာ/ဆရာမများ၏ စွမ်းဆောင်ရည် မြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲများ ဖြည့်ဆည်းကူညီပံ့ပိုး ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။

ဒီနေ့ကာလကို ပညာခေတ်လို့ ကမ္ဘာနဲ့အဝန်း လက်ခံပြောဆိုနေကြပါတယ်။ မျက်မှောက်ခေတ်ကာလဖြစ်တဲ့ ပညာခေတ်ရဲ့ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မယ့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးနိုင်မယ့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာဖို့ မြန်မာ့ပညာရေးကို ရည်မှန်းချက် ချမှတ်ထားပြီး ဖြစ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ဖို့ဆိုရင် လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်။ စင်ကာပူ၊ တောင်ကိုရီးယားနဲ့ ဂျပန်နိုင်ငံတွေ ဖွံ့ဖြိုးတိုးတက်ခဲ့တာဆိုရင် သယံဇာတပေါကြွယ်ဝလို့ မဟုတ်ဘဲ လူသားအရင်းအမြစ်တွေ အစဉ်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေလို့ပဲ ဖြစ်ပါတယ်။

သယံဇာတဆိုတာ ထုတ်ယူသုံးစွဲတာနဲ့အမျှ ကုန်ခန်းသွားမှာဖြစ်ပြီး ပြန်လည်ဖြည့်တင်းလို့ မရပါဘူး။ လူသားအရင်းအမြစ်ကတော့ ကုန်ခန်းသွားခြင်း မရှိသလို အစဉ်အမြဲ တိုးတက်နေအောင်လည်း ဖြည့်ဆည်းပေးလို့ ရပါတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ အိန္ဒိယသမ္မတနိုင်ငံတို့ကဆိုရင် ၁၉၈၀ ပြည့်နှစ် မတိုင်မီအချိန်က သူတို့နိုင်ငံရဲ့ လူဦးရေများပြားမှုဟာ နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေခဲ့ပေမယ့် ဒီနေ့အချိန်မှာတော့ အဲဒီများပြားလှတဲ့ လူဦးရေတွေကို လူသားအရင်းအမြစ်တွေအဖြစ် ပြောင်းလဲနိုင်ခဲ့လို့ ဒေသတွင်းအင်အားကြီးနိုင်ငံအဖြစ်ကနေ ကမ္ဘာ့အဆင့် အင်အားကြီးနိုင်ငံအဖြစ်ကို တက်လှမ်းနေပြီဖြစ်တာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ မလွဲမသွေ လိုအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးကဏ္ဍဟာ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်က အရှေ့တောင်အာရှမှာ ထိပ်တန်းအဆင့်က ရှိနေခဲ့ပါတယ်။ ဒီနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ဖို့ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍတွေမှာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်နေပါတယ်။ နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အဲဒီနိုင်ငံရဲ့ ပညာရေးစနစ်ဟာလည်း ခေတ်နဲ့အညီဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေနဲ့အတူ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်ကိုလည်း ဖော်ဆောင်လျက်ရှိပါတယ်။ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်အတွက် ပညာရေးခေတ်မီတိုးတက်ဖို့ လိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့

ပညာရေးဆောင်ပုဒ်ကလည်း ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ ဆိုတဲ့ ဆောင်ပုဒ်ပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံပညာကျောင်းတွေကို အဆင့်မြှင့်တင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်ဘဏ္ဍာကိုလည်း နှစ်စဉ်တိုးမြှင့်သုံးစွဲလျက်ရှိပါတယ်။ အခြေခံပညာကျောင်းတွေ အဆင့်မြှင့်ရုံ၊ နိုင်ငံ့ဘဏ္ဍာငွေ တိုးမြှင့်သုံးစွဲရုံနဲ့ ပညာရေးကဏ္ဍ တိုးတက်လာမယ်လို့တော့ ယူဆလို့မရပါဘူး။ ချမှတ်ထားတဲ့ ပညာရေးမူဝါဒတွေ၊ ပညာရေးစနစ်တွေကို အကောင်အထည်ဖော်ရမယ့် ဆရာ/ဆရာမတွေ စွမ်းဆောင်ရည်မြင့်မားဖို့လည်း လိုပါတယ်။ အစကောင်းမှ အနှောင်းသေချာဆိုတဲ့ စကားအတိုင်း မြန်မာနိုင်ငံ ပညာရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အခြေခံအကျဆုံးဖြစ်တဲ့ အခြေခံပညာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဦးစွာလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် အခြေခံပညာဆရာ/ဆရာမတွေရဲ့ စွမ်းဆောင်ရည်မြင့်အောင် လုပ်ဆောင်ဖို့ လိုပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာမှာ နိုင်ငံသားအားလုံး ပညာရည်အဆင့်အတန်း မြင့်မားဖို့နဲ့ စည်းကမ်းလိုက်နာဖို့ လိုပါတယ်။ နိုင်ငံသား အများဆုံး ပညာသင်ကြားနေတာဟာ အခြေခံပညာအဆင့် ဖြစ်ပါတယ်။ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုတဲ့စကားအတိုင်း နိုင်ငံသား အများဆုံး ပညာသင်ကြားနေတဲ့ အခြေခံပညာကျောင်းတွေကသာ နိုင်ငံသားတွေကို စာပေသာမက အသိပညာပိုင်းဆိုင်ရာပါ သင်ကြားလေ့ကျင့်ပေးနိုင်ပါတယ်။ ပြဋ္ဌာန်းထားတဲ့ သင်ရိုးညွှန်းတမ်းတွေကုန်အောင်၊ တတ်အောင် သင်ကြားပေးနိုင်ရုံမက စိတ်ဓာတ်နဲ့ စည်းကမ်းပါကောင်းအောင် သင်ကြားပေးနိုင်ဖို့၊ စွမ်းဆောင်ရည်မြင့်မားတဲ့ ဆရာ/ဆရာမတွေ ရှိရပါမယ်။

စာသင်ခန်းထဲ ရောက်လာတဲ့ ကျောင်းသားတွေကိုသာ သင်ကြားပေးနေရုံနဲ့ မရဘဲ ပညာသင်ကြားနိုင်တဲ့ လူငယ်အားလုံး စာသင်ခန်းထဲ ရောက်လာအောင် လုပ်ဆောင်နိုင်တာဟာလည်း အခြေခံပညာ ဆရာ/ဆရာမတွေရဲ့ စွမ်းဆောင်ရည်ပဲ ဖြစ်ပါတယ်။ အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူတွေကို စာပေသာမက အထွေထွေဗဟုသုတ တွေတိုးပွားဖို့၊ အားကစားကို လေ့လာလိုစိတ် လိုက်စားလိုစိတ်တွေ ဖြစ်ပေါ်ဖို့၊ ကျန်းမာရေးအခြေခံ အသိပညာရရှိဖို့၊ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေစွာ နေထိုင်ဆက်ဆံတတ်ဖို့၊ ပရဟိတလုပ်ငန်းတွေမှာ

ပူးပေါင်းပါဝင်စေဖို့ စတာတွေကို သင်ကြားလေ့ကျင့်ပေးဖို့ လိုအပ်ပါတယ်။ ကျောင်းသားတွေ အနေနဲ့ ဆရာ/ဆရာမတွေကို ကြောက်စိတ်မဖြစ်စေဘဲ အထင်ကြီး လေးစားတဲ့ စိတ်၊ အားကိုး လိုတဲ့စိတ်၊ ကျောင်းသားတွေရဲ့ဘဝမှာ စံနမူနာပြပုဂ္ဂိုလ်အဖြစ် တန်ဖိုးထားတဲ့စိတ်တွေ ဖြစ်ပေါ် လာဖို့ လိုပါတယ်။ ဒီလိုဖြစ်ပေါ်လာဖို့ဆိုရင် ဆရာ/ဆရာမတွေရဲ့ စွမ်းဆောင်ရည်ဟာ မြင့်မား ရမှာ ဖြစ်ပါတယ်။ ဒီလိုစွမ်းဆောင်ရည်မြင့်မားတဲ့ ဆရာ/ဆရာမတွေ ဖြစ်လာဖို့ဆိုရင် သင်တန်းတွေ ဖွင့်လှစ်လေ့ကျင့်ပေးနေရုံသာမက ဆရာ/ဆရာမတွေရဲ့ စွမ်းဆောင်ရည် မြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲတွေ ကျင်းပပြုလုပ်ပြီး ကူညီပံ့ပိုးပေးဖို့ လိုပါတယ်။ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံပညာဦးစီးဌာနအဆင့် ဆွေးနွေးပွဲတွေ၊ အမျိုးသားအဆင့် ဆွေးနွေးပွဲတွေ ပြုလုပ်လျက် ရှိကြောင်း သိရပါတယ်။

မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍကို လေ့လာကြည့်မယ်ဆိုရင် ကျေးလက်ဒေသနဲ့ မြို့ပြ ကွာခြားမှုရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံရဲ့ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တောရော မြို့ပါမကျန် ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်။ ဒါကြောင့် အခြေခံပညာ ဆရာ/ဆရာမ တွေရဲ့ စွမ်းဆောင်ရည် မြှင့်တင်မှုလုပ်ငန်းတွေကို အခြေခံပညာဦးစီးဌာနအဆင့်ထက် ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေရဲ့ ဖွံ့ဖြိုး တိုးတက်မှုဟာ နယ်မြေဒေသအခြေအနေအရ တူညီမှုမရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှု မတူညီတဲ့အတွက် လိုအပ်ချက်တွေကလည်း တူညီမှုရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့် ဒေသအလိုက် ကျယ်ကျယ်ပြန့်ပြန့်ပိုမိုလုပ်ဆောင်လာနိုင်လေ အားသာချက်၊ အားနည်းချက်တွေကို ပိုမိုတွေ့ရှိ လာနိုင်ပြီး ဖြည့်ဆည်းပံ့ပိုးပေးနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာ ဆရာ/ ဆရာမများ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲတွေကို ပညာရေးကဏ္ဍက ပညာရှင်တွေ သာမက ပြည်တွင်း၊ ပြည်ပက ကဏ္ဍစုံ၊ နယ်ပယ်စုံက ပညာရှင်တွေလည်း ပါဝင်ဖို့ လိုပါမယ်။ ဒါမှသာ ပြည်တွင်း၊ ပြည်ပက ပညာရေးကဏ္ဍရဲ့ တိုးတက်ပြောင်းလဲမှုတွေကို သိမြင်ပြီး မိမိ ဒေသရဲ့ လိုအပ်ချက်တွေ၊ ဆရာ/ဆရာမတွေရဲ့ စွမ်းဆောင်ရည်တွေကို မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါ တယ်။ ပညာရပ်နယ်ပယ်တစ်ခု အစဉ်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် သုတေသနလုပ်ငန်းတွေ မဖြစ်မနေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။သက်ဆိုင်ရာနယ်ပယ်အလိုက် စွမ်းဆောင်ရည် မြှင့်တင်မှုလုပ်ငန်း

ဆွေးနွေးပွဲတွေ လုပ်ဆောင်ခြင်းအားဖြင့် သုတေသနလုပ်ငန်းတွေကိုလည်း အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေရော ဖွံ့ဖြိုးပြီးနိုင်ငံတွေပါ သူတို့နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေ အစဉ်တိုးတက်နေဖို့အတွက် လုပ်ငန်းဌာနအလိုက် သုတေသနလုပ်ငန်းတွေမှာ အလုပ်ရုံဆွေးနွေးပွဲတွေကို လုပ်ဆောင်လျက် ရှိပါတယ်။ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ဖို့ဆိုရင် နိုင်ငံတော်အစိုးရပိုင်းကပါ ပါဝင်ဆောင်ရွက်မှ ရနိုင်မှာဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲ ရလဒ်တွေကို အခြေခံပြီးမှသာ ဦးစားပေးဆောင်ရွက်ရမယ့် အစီအစဉ်တွေ၊ မူဝါဒတွေကို ချမှတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ လိုအပ်ချက်တွေကိုလည်း နိုင်ငံတော်နဲ့ နိုင်ငံတကာ အဖွဲ့အစည်းများ အကူအညီ ရယူဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လက်ရှိအခြေခံပညာအဆင့် ဆရာ/ဆရာမတွေရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်မှု မလွဲမသွေ လိုအပ်ပါတယ်။ ဒါကြောင့် ဆရာ/ဆရာမတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲတွေကို တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နိုင်ဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ဖြည့်ဆည်းကူညီပံ့ပိုးပေးဖို့လိုအပ်ကြောင်း တင်ပြရင်းနဲ့ ကျွန်တော်ရဲ့ ဆွေးနွေးတင်ပြချက်ကို နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ ဝင်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၉။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် ဖြစ်ပါတယ်။ ၆-၁၁-၂၀၁၂ ရက်နေ့က အမျိုးသားလွှတ်တော်

နဝမနေ့မှာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် တင်သွင်းသွားတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဖတ်ကြားဆွေးနွေးခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် တင်သွင်းသွားတဲ့ အခြေခံပညာ ဆရာ/ ဆရာမများရဲ့ စွမ်းဆောင်ရည်မြှင့်တင်မှု လုပ်ငန်းဆွေးနွေးပွဲများ ဖြည့်ဆည်းကူညီပံ့ပိုးပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့အဆိုကို လေ့လာကြည့်ပါက (၂)ပိုင်းတွေ့ရှိရမှာ ဖြစ်ပါ တယ်။ နိုင်ငံတော်အပိုင်းနဲ့ ဆရာ/ဆရာမများအပိုင်း ဖြစ်ပါတယ်။ နိုင်ငံတော်အပိုင်း ကလည်း အခြေခံဆရာ/ဆရာမများ အထူးမွမ်းမံသင်တန်းများ စတဲ့သင်တန်းများကို ဖွင့်လှစ်လျက်ရှိ ပါတယ်။ ဒ့ါအပြင် နွေရာသီမှာလည်း ဘာသာရပ်ဆိုင်ရာ သင်ကြားရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်လျက်ရှိပါတယ်။ အလားတူ ပြည်တွင်း၊ ပြည်ပ အလုပ်ရုံဆွေးနွေးပွဲများလည်း အစဉ် ပြုလုပ်ပေးလျက်ရှိပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အားလုံးဟာ မွေးဖွားသည်မှ ကနေ့ အချိန်အထိ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများရဲ့ ဂုဏ်ကျေးဇူးကြောင့် ပြည်သူနှင့် နိုင်ငံတော် အကျိုးကို ရှေးရှုဆောင်ရွက်နိုင်ခြင်း ဖြစ်ပါတယ်။ ဆရာများဟာ အနန္တော၊ အနန္တ ဂိုဏ်းဝင်များ ဖြစ်ကြပါတယ်။ ဆရာများရဲ့ ဂုဏ်ကျေးဇူးဟာ ရေတွက်ဖော်ပြတိုင်းတာလို့မရအောင် ကြီးမားတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခြေအနေ အချိန်အခါအရ အချို့သော ဆရာ/ဆရာမများဟာ မိမိတို့ သင်ကြားရမယ့် သင်ခန်းစာများကိုသာ တစိုက်မတ်မတ်သင်ကြားခြင်း၊ ပြောင်းလဲနေသော ခေတ်နှင့်အညီ လေ့လာမှု အားနည်းခြင်း၊ ကျူရှင်ပြသလိုသောစိတ်ကို အခြေခံ၍ ကျောင်းသား၊ ကျောင်းသူများကို ခွဲခြားဆက်ဆံခြင်း၊ ဆုံးမခြင်း၊ အရည်အချင်း စစ်ဆေးမှုတွင် မိမိသင်ကြား ထားသည့် ၏၊ သည်မရွေး မှန်ကန်မှ အမှတ်ပေးခြင်း၊ တံစိုးလက်ဆောင်ပေးနိုင်ခြင်း၊ မပေး နိုင်ခြင်းတို့ကိုလိုက်၍ ဘက်လိုက်မှုရှိခြင်းတို့ကြောင့် နုနယ်သော ကျောင်းသား၊ ကျောင်းသူများရဲ့ စိတ်မှာ မိမိတို့ရဲ့ လုံ့လ၊ ဝီရိယ၊ ဉာဏ်အားတို့ကို လျှော့ချပစ်ခြင်း စသည်တို့ကြောင့် လူငယ်တို့ရဲ့ အညွန့်ကို ချိုးဖျက်သလို ဖြစ်သွားတတ်ပါတယ်။ အဆိုရှင်ကလည်း ဆရာများ ထားရှိအပ်တဲ့ ကိုယ်ကျင့်တရား၊ ရှိအပ်တဲ့ အရည်အချင်း၊ အစဉ်ထိန်းသိမ်းမြှင့်တင်နေရမယ့် အရည်အသွေး များကို ပြည့်ပြည့်စုံစုံဖော်ပြထားပြီး ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အပိုင်းကလည်း အရည်အသွေး၊ အရည်အချင်းများ၊ သင်ကြားမှုနည်းစနစ်များ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ချမှတ်လေ့ကျင့်ပေးလျက် ရှိပါတယ်။ ဒီလိုလေ့ကျင့်ပေးတဲ့အတိုင်းလည်း လက်တွေ့နယ်ပယ်မှာ အကျိုးဖြစ်ထွန်းမှု၊ အကောင်အထည်ဖော်နိုင်မှုတို့ကို အမြဲမပြတ် ဆန်းစစ်လေ့လာနေရမှာ ဖြစ်ပါတယ်။ ဆရာ/ဆရာမများကလည်း စေတနာ၊ ဝါသနာ၊ အနစ်နာ၊ အကြင်နာ တို့ဖြင့် မိမိတို့ရဲ့ တပည့်များအပေါ်မှာ စာပေနယ်မှာရော၊ လူမှုဆက်ဆံရေးနယ်ပယ်မှာပါ ထူးချွန်ထက်မြက်လာအောင် အစဉ်လေ့လာသင်ကြားဆုံးမနေဖို့ လိုအပ်မှာဖြစ်ပါတယ်။ ပညာရေးနယ်ပယ်မှာ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုတဲ့ ဆောင်ပုဒ်အတိုင်း ဆရာ/ဆရာမများအပိုင်းကရော ကျောင်းသား/ကျောင်းသူအပိုင်းကပါ စိတ်ဓာတ်မြင့်မားနေဖို့၊ မွေးမြူနေဖို့ လိုအပ်မှာဖြစ်သလို လေ့ကျင့်ပေးဖို့၊ အစဉ်ဆည်းပူးလေ့လာနေဖို့၊ လိုက်နာသင်ယူနေဖို့ အစဉ်လုပ်ဆောင်နေရပါမယ်။

ဆရာတော်ကြီးတစ်ပါးရဲ့ ကျောင်းတိုက် စည်းကမ်းမှာလည်း အချက်(၁၀)ချက်မှာ စိတ်ကောင်းရှိဖို့ကို နံပါတ်(၁)ထားပြီး တပည့်များအပေါ် ပဲ့ပြင်တည့်မတ်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဆရာ/ဆရာမများကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိတဲ့ ပညာရေးတက္ကသိုလ်များ၊ ပညာရေးကောလိပ်များကလည်း အခြေခံပညာမူလတန်း ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို ကလေးများကို သင်ကြားပေးသလို သင်ကြားခြင်းမျိုး မဟုတ်ဘဲ ထိုသင်ခန်းစာများကို ကိုယ်တိုင်လက်တွေ့လေ့လာစေခြင်း၊ လက်တွေ့သင်ကြားပြသ စေခိုင်းခြင်းများဖြင့် ဆရာ/ဆရာမများ အရည်အသွေးကို မြှင့်တင်ပေးနေဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် ဒေသအခြေအနေ လိုအပ်ချက်အရ ခန့်ထားပြီးဖြစ်တဲ့ ဆရာ/ဆရာမများကိုလည်း သက်ဆိုင်ရာ သင်ကြားရေးနည်းပြသင်တန်းများကို စေလွှတ်လေ့ကျင့်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာ မူလတန်းကျောင်းများမှာ ယခင်က ခန့်အပ်ထားတဲ့ အထွေထွေလုပ်သားများကိုလည်း ဆရာ/ဆရာမများ မလုံလောက်သောကျောင်းများတွင် သင်ကြားရေးပိုင်းတွင် ပါဝင်ဆောင်ရွက်စေခြင်းများ ရှိပါတယ်။ ယခုအခါ အထွေထွေလုပ်သားများ ထပ်မံခန့်ထားခြင်းမပြုတော့တဲ့အကြောင်း လေ့လာသိရှိရပါတယ်။ ထိုကဲ့သို့ အထွေထွေလုပ်သားများ အနားယူသွားသည့် ကျောင်းများတွင် ဆရာ/ဆရာမများ ထပ်မံခန့်ထားပေးဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ဒါမှသာ ဆရာ/ဆရာမများကလည်း နိုင်နိုင်နင်းနင်း သင်ကြား

လေ့ကျင့်ပေးနိုင်၊ စွမ်းဆောင်ရည်မြင့်မားအောင် လေ့လာမွေးမြူနိုင်မှာ ဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများကလည်း ပြည့်ပြည့်ဝဝ သင်ကြားနာယူနိုင်ပြီး ပညာရည်မြင့်မားခြင်း သာမက စိတ်ဓာတ်မြင့်မားသော လူငယ်များ ဖြစ်လာမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိန်းခင်းပေါင်တင်သွင်းခဲ့သော အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၄။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ကျွန်မက နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်မ ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ရဲ့ အခြေခံပညာ ဆရာ/ဆရာမများ၏ စွမ်းဆောင်ရည် မြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲများ ဖြည့်ဆည်းကူညီပံ့ပိုးပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မငယ်ငယ်တုန်းက ကျွန်မရဲ့အဖွားက ကျွန်မကို သွန်သင်ဆုံးမတာလေးတစ်ခုကို ကျွန်မက တင်ပြချင်ပါတယ်။ ကျွန်မ ငယ်ငယ်တုန်းက သူတစ်ပါးကို အပြစ်မြင်တတ်လွန်းလို့ ကျွန်မရဲ့အဖွားက ငါ့မြေးကရော အကဲ့ရဲ့ ခံချင်သလား၊ အချီးမွမ်းခံချင်သလားလို့ ကျွန်မကို မေးဖူးပါတယ်။ အဲဒီတော့ ကျွန်မက အကဲ့ရဲ့ မခံချင်ဘူး၊ အချီးမွမ်းပဲခံချင်တယ်လို့ ကျွန်မက အဲဒီလိုပြန်ပြီးတော့ ဖြေခဲ့ပါတယ်။ အဲဒီကျတော့ အဖွားက ဘာပြောသလဲဆိုတဲ့အခါကျတော့ လူဆိုတာ မည်သူမဆို ချီးမွမ်းတာပဲ ခံချင်တာပေါ့။ အကဲ့ရဲ့တော့ ဘယ်သူခံချင်မလဲ၊ ဒါတကယ်လို့များ ဒီလိုအကဲ့ရဲ့ခံစရာ အကြောင်းဖြစ်လာတယ် ဆိုလို့ရှိရင် ဒါအကြောင်းတစ်ခုကြောင့်သာ မလွဲသာ၊ မရှောင်သာလို့၊ မတတ်သာလို့သာ အဲဒီလို

ဖြစ်ရတာပဲဆိုပြီးတော့တွေးပါ။ သူတစ်ပါးကို ကဲ့ရဲ့ရှုတ်ချခြင်းမလုပ်ပါနဲ့။ အဲဒါဟာ ကောင်းတဲ့အကျင့် မဟုတ်ဘူးလို့ ကျွန်မကိုပြောဖူးပါတယ်။ အဲဒါဟာ အဖွား ကျွန်မကို ငယ်ငယ်လေးကတည်းက ကျွန်မကို ဆုံးမခဲ့တဲ့ အဲဒီစကားလေးကို ကျွန်မဘယ်တော့မှ မမေ့ပါဘူး။

ဒါက ဘာကိုပြောချင်တာလည်းဆိုတော့ သွန်သင်ဆုံးမတဲ့သူ၊ ညွှန်ပြပြောဆို သင်ကြားတဲ့သူ၊ ရှိထားတဲ့ အတွေးအခေါ် ခံယူချက်နဲ့ အရည်အချင်းများကြောင့် တစ်ဖက်သား မှတ်လောက်သားလောက်တဲ့မကောင်းတဲ့ အမြင်တစ်ခုပျောက်ပြီးတော့ စာနာသနားတတ်တဲ့စိတ်၊ ကိုယ်ချင်းစာတတ်တဲ့စိတ် ထားတတ်ဖို့ ပြောခဲ့တဲ့သင်ခန်းစာလေးတစ်ခုကို ကျွန်မက ဦးစွာတင်ပြတာ ဖြစ်ပါတယ်။ သားသမီးမကောင်းတော့ မိဘခေါင်း၊ တပည့်မကောင်းတော့ ဆရာ့ခေါင်း လို့အဆိုရှိပါတယ်။ မိဘမှာလည်း မာတာဝေရီ၊ ပီတာသတ္တုရုလို့ အဆိုရှိသလို ဆရာမှာလည်း ဆရာကောင်းတပည့်ပန်းကောင်းပန်ပြီး ဆရာမကောင်းလို့ ဒါအပြစ်ဖြစ်သွားတာ တွေလည်း ကျွန်မ ကြားဖူးပါတယ်။

ကလေးများကို စိတ်ဒဏ်ရာရအောင်၊ ကြောက်အောင်၊ လန့်အောင်မလုပ်ဖို့ လူကြီးများ မကြာခဏ သတိပေးတာမြစ်သံကို ကျွန်မ ကြားဖူးပါတယ်။ ငယ်စဉ်က လွှမ်းကဲပြင်းထန်တဲ့ အတွေ့အကြုံများကို အသက်အရွယ်ကြီးရင့်သည့်တိုင် စွဲလမ်းနေသူများ ရှိသောကြောင့် မကောင်းသော အစွဲအလမ်းမဖြစ်စေရန် ဟန့်တားသတိပေးခြင်း ဖြစ်ပါတယ်။ ငယ်စဉ်ကာလစိတ်အဖြူရောင်မှာ တစ်စုံတစ်ခုသော အကြောင်းအရာအဖြစ်အပျက်၊ အကြားအမြင်တို့ဟာ ကလေးတွေရဲ့ နှလုံးသားမှာ ဖျက်မရအောင် စွဲသွားတတ်ပါတယ်။ ထိုကဲ့သို့သောအချက်ကပင် ကလေးတွေ အတွက် အိမ်မှာဆိုလို့ရှိရင် မိဘအရေးကြီးသလို၊ ကျောင်းမှာလည်း ဆရာက အရေးကြီးပါတယ်။

ဒါ မှန်ကန်ကောင်းမွန်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုအပါအဝင် တတ်သင့်တတ်ထိုက်သော သက်ဆိုင်ရာ သင်ရိုးညွှန်းတမ်းပါ ပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်အောင်မြင်စေဖို့ ဆရာများရဲ့ တာဝန်ဖြစ်ပါတယ်။ ဆရာရဲ့ အရည်အချင်းများနဲ့ ပတ်သက်ပြီး ယခင်က နာသုံးနာနဲ့ ပြည့်စုံပြီး တပည့်မရှား၊ တစ်ပြားမရှိ၊ ပီတိကိုစား အားရှိသူများလို့ ဆိုခဲ့တာကို ကျွန်မ ကြားဖူးပါတယ်။ တပည့်များအပေါ် ထားတဲ့ စေတနာ၊ မိမိရဲ့တာဝန်ကို ထမ်းဆောင်သော၊ ထမ်းဆောင်လျက်ရှိသော အလုပ်နဲ့ပတ်သက်သော ဝါသနာ၊ တပည့်များနှင့် ပတ်သက်၍ မောသည်၊ ပန်းသည်၊ ဆာသည်၊ အချိန်ကုန်သည် ဟူ၍ စိတ်မှာ မညည်းငြင်ဘဲနဲ့ တတ်စေချင်လွန်းတဲ့

စိတ်နဲ့အနစ်နာခံပြီး သင်ကြားပြသခဲ့တဲ့ ဒါ အနစ်နာခံတဲ့ ဆရာတွေရှိဖူးတာကို ကျွန်မ ကိုယ်တွေ့၊ ငယ်ငယ်ကတည်းက ကျွန်မ တွေ့ဖူး၊ ကြုံဖူးပါတယ်။

အဲဒီကျတော့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ အနန္တ ဂိုဏ်းဝင် ဆရာသခင် ဆိုသည်မှာ ဆရာဝတ္တရား(၅)ပါးနဲ့ ပြည့်စုံပြီး စေတနာ၊ ဝါသနာ၊ အနစ်နာ များနှင့်လည်း ပြည့်စုံရမည့်သူများ ဖြစ်ပါတယ်။ အနန္တဂိုဏ်းဝင် မိဘဟုဆိုရာတွင်လည်း အစောက ပြောသလိုပဲ မာတာဝေရီ၊ ပီတာသတ္တုရလို့ အဆိုရှိသလို၊ အာစရိယဆိုတာမှာလည်း ရှေးကဆရာ အသင်မှားလို့ ဒါ မိမိက လတ်တလော အမှန်တရားတွေကို သိထားပေမယ့်၊ အဲဒီ သိထားတဲ့ အမှန်တရားတွေ ပျောက်ပြီးတော့မှ လမ်းမှားကို ရောက်သွားကြတဲ့ တပည့်များလည်း ကံဆိုးစွာ ရှိခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

စောစောကပြောသလိုပဲ သားသမီးမကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်း လို့ အဆို ရှိပါတယ်။ လောကကြီးထဲရောက်လာတဲ့ ကလေးတစ်ယောက်အဖို့ မိဘသည် လက်ဦး ဆရာ ဖြစ်ပြီးတော့ ပညာသင်ကြားပေးသော ကျောင်းဆရာသည်လည်း အနန္တော၊ အနန္တ တစ်ပါးမှာ ပါတဲ့ ကျေးဇူးရှင်ဆရာပဲ ဖြစ်ပါတယ်။ ဒါ ကျွန်မက အခု ဆရာတွေကို စွမ်းဆောင်ရည် မြှင့်တင်ဖို့ဆိုတဲ့အခါမှာ ဆရာရဲ့အပိုင်းကို အလေးအနက်ထား ပြီးတော့မှ ကျွန်မ ဆွေးနွေးချင်တဲ့ အတွက်ကြောင့်မို့လို့ ဒါတွေကို ဆွေးနွေးတာဖြစ်ပါတယ်။

ဤသို့သော ဂုဏ်ပုဒ်များနှင့် ထိုက်တန်စေရန်၊ ဒါ အနန္တဂိုဏ်းဝင်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ ထိုက်တန်စေရန် မိဘသည်လည်းကောင်း၊ ဆရာသည်လည်းကောင်း မျှော်နေသော ကလေး၏ အသိဉာဏ်ကို အလင်းရောင်ပေးနိုင်သည့် မွန်မြတ်ပြည့်ဝနေသူများသာ ဖြစ်သင့်ပါတယ်။ လောကကြီးမှာ ဘဝတစ်လျှောက်လုံး ရှင်သန်နေသမျှ အချိန်ကာလတစ်လျှောက်မည်သို့ နေထိုင် ကျင့်ကြံ ပြောဆိုနေထိုင်ရမယ်ဆိုတာကိုလည်းကောင်း၊ သင်အံနေတဲ့ပညာများ ကျွမ်းကျင်ပိုင်နိုင် စွာ တတ်မြောက်နိုင်ရန်လည်းကောင်း၊ မိဘပြီးရင် ဆရာများမှာ တာဝန်ရှိပါတယ်။ ဆရာများဟာ မိမိအတန်းမှာ ကျောင်းသူ/ကျောင်းသားအားလုံးရဲ့ အကျင့်အမူ စရိုက်၊ လက္ခဏာများကို သိအောင် လေ့လာထားသင့်ပါတယ်။

နောက် ပညာသင်ကြားတဲ့အခါမှာ မိမိရဲ့ တပည့်ကို ဘယ်လိုကိုင်တွယ်၊ ဘယ်လို ပံ့ပိုး ပြုပြင် ဖြည့်ဆည်းပေးရမယ်ဆိုတာကိုလည်း မိမိကျွမ်းကျင်ပိုင်နိုင်စွာ သိထားသင့်ပါတယ်။ လေ့လာထားသင့်ပါတယ်။ ပညာသင်ကြားပေးနိုင်မယ့် ဆရာချင်းတူသော်လည်း တပည့်ရဲ့ အကျင့်စရိုက်အလိုက် ပြုပြင်ထိန်းကြောင်း၊ ညွှန်ကြားမှု၊ ညွှန်ကြားပြသနိုင်ရင် ပိုပြီးတော့ အောင်မြင်သော ဆရာတစ်ဦး ဖြစ်လာနိုင်မှာ ပိုပြီးတော့ကောင်းမယ်လို့ ဒါ ကျွန်မ ယူဆပါတယ်။ ကျွန်မ ဖတ်ဖူးတာလေးတစ်ခု တင်ပြလိုပါတယ်။ အဲဒါကတော့ ဘာလဲဆိုတော့ သစ်ပင်တွေ စိုက်တဲ့အခါမှာ သူက သုတေသန လုပ်တာပါ၊ သစ်ပင်တွေရဲ့ကြားထဲမှာ သူက သာယာသံကို ဖွင့်ပြီးတော့ သစ်ပင်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို သူက စောင့်ကြည့်တဲ့အခါမှာ သစ်ပင်တွေဟာ တကယ်ဖြောင့်ဖြောင့်မတ်မတ်နဲ့ လှလှပပနဲ့ ရှင်သန်ကြီးထွားလာတာကို တွေ့ရပြီးတဲ့အခါ ကျတော့ အဲဒီသစ်ပင်တွေရဲ့ ကြားထဲမှာ သူက ဆူညံသံကို အမြဲတမ်း ဖွင့်ထားလိုက်ပါတယ်။ အဲဒီအခါ ဆူညံသံရဲ့ကြားထဲမှာ တကယ်ကြီးထွားလာတဲ့ သစ်ပင်တွေဟာ ကောက်ကွေး တွန့်လိမ် ပြီးတဲ့အခါကျတော့မှ တကယ်အမြင်မလှဘဲနဲ့ အဲဒီလို ကြီးထွားလာတာကို တွေ့ရတယ် ဆိုပြီးတဲ့ အခါကျတော့မှ သုတေသနလုပ်တဲ့ စာတမ်းတစ်ခုမှာ ကျွန်မ ဖတ်ဖူး၊ မှတ်ဖူးပါတယ်။ အချို့သော ဆရာသည် မိမိကိုယ်၌ကပင် အနန္တဂိုဏ်းဝင်နိုင်သည့် ဆရာဖြစ်ပါလျက် အပြောအဆို ကြမ်းတမ်း ခက်ထန်ရုံမျှမက တပည့်ကို ရိုက်နှက်ဆုံးမရာတွင်လည်း အင်မတန် လက်ယဉ်ကြောင်း လေ့လာ တွေ့ရှိရပါတယ်။

အချို့ဆရာများမှာ တွေ့ဖူးပါတယ်။ တစ်ချက်မှ မရိုက်ဖူးပဲနဲ့ တပည့်အားလုံးက ချစ်ကြောက်ရိုသေတဲ့ ဆရာတွေလည်း ကျွန်မ တွေ့ဖူးပါတယ်။ အဲဒီမှာ ယင်းဆရာ၏ အရည်အချင်း တစ်ပါးပင် ဖြစ်ပါတယ်။ သားသမီးအတွက် မိဘသည်လည်းကောင်း၊ တပည့်များအတွက် ဆရာတို့သည် လည်းကောင်း၊ ဤသို့ ချစ်ကြောက်ရိုသေ ဖြစ်နေသင့်ပါတယ်။ ကလေးသူငယ် တို့တွင် စိတ်ပိုင်းရော၊ ရုပ်ပိုင်းပါ မှန်ကန်ဖြောင့်မတ် ရှင်သန်ကြီးထွားနိုင်ဖို့ လိုအပ်ပါတယ်။

ဤသို့ ကောင်းသောရလဒ်ကိုရရန်မှာ မိဘနှင့် ဆရာတွင် တာဝန်ရှိပါတယ်။ မိဘလည်း မိဘကောင်း ဖြစ်ရန်လိုအပ်သလို ဆရာလည်း ဆရာ့ဝတ်(၅)ပါးနဲ့ ပြည့်စုံသော ဆရာကောင်း ဖြစ်ရန် လိုအပ်ပါတယ်။ မကြာမီက ကျွန်မ ဒါလေးတစ်ခုကို နည်းနည်းဆွေးနွေး တင်ပြပါရစေ။ အခုပြီးခဲ့တဲ့ အကယ်ဒမီမှာ ရသွားတဲ့ဇာတ်ကား၊ အဲဒီထဲမှာ ဘာကိုပြတာလဲဆိုတော့ ကျောင်းဆရာ

လေးတစ်ယောက်ရဲ့ ဘ၀ကို သူက ဒါ ရိုက်ပြထားတာပါ။ ကျောင်းဆရာလေးရဲ့ တပည့်တွေ အပေါ်မှာထားတဲ့ စေတနာ၊ နောက်တစ်ခါ တပည့်တွေက အင်မတန် ဆင်းရဲကျပ်တည်းတဲ့၊ အင်မတန် နွမ်းပါးတဲ့ကလေးတွေကို သူက သွန်သင်ပြီးတော့ ဆုံးမနေတဲ့ ဆရာလေးဖြစ်တဲ့အတွက် အဲဒီကလေးတွေရဲ့ဘ၀ကို စာနာတာ၊ နောက်ပြီးတော့ စေတနာ၊ မေတ္တာရှိတာ နောက်တစ်ခါ ကျတော့ သူ့ရဲ့ဝါသနာ၊ နောက်တစ်ခါကျတော့ သူက ကလေးတွေအတွက် နောက်ဆုံးလိုအပ်တဲ့ အခါမှာ စွန့်လွှတ်အနစ်နာခံပြီး သူ့အသက်ကို တောင်စွန့်သွားတာကို ပြတဲ့အတွက် ကျွန်မ အဲဒီဇာတ်ကားလေးကို ပြီးတဲ့အခါ ကျွန်မကိုလည်း အင်တာဗျူးတော့ ကျွန်မပြောလိုက်တယ်။ အင်မတန်ကို လူ့စွမ်းအားအရင်းအမြစ်နဲ့ ပတ်သက်ပြီးတော့ ပံ့ပိုးပေးတဲ့ သင်ခန်းစာပေး ဇာတ်ကားလေးဖြစ်ပါတယ်လို့၊ အဲဒီတော့ ဆရာတွေ၊ ဆရာမတွေဟာ ဒါမျိုးတွေကို အင်မတန် အတုယူသင့်ပါတယ်။ ဝါသနာ၊ စေတနာ၊ အနစ်နာ တပည့်တွေအပေါ်မှာ ထားတဲ့အပြင် တပည့် တွေမှာတွေ့လာတဲ့ ပြစ်ဒဏ်ကိုပေးတဲ့အခါမှာလည်း ဒီကလေးတစ်ယောက်ရဲ့ ကလေးတစ်ယောက် ဟာလည်း ဂုဏ်သိက္ခာရှိပါတယ်။

အဲဒီကလေးရဲ့ဘ၀ ကလေးရဲ့ တိုးတက်ရာတိုးတက်ကြောင်းကို ကြည့်ပြီးတော့မှ ဒီက ဆရာ/ဆရာမတွေကလည်း ဆက်ဆံသင့်တယ်ဆိုတာ ကိုယ့်ကိုယ်ကို ဒါအရည်အသွေးတက်အောင် အဲဒါတွေလည်း စိတ်ပိုင်းဆိုင်ရာအရ ဆရာတွေက ဗဟုသုတရှာပြီးတော့ မွေးမြူထားသင့်ပါတယ်။ ကျွန်မတို့ ဥက္ကဋ္ဌကြီးမှ ပြောတာကို ကျွန်မ မှတ်သားထားပါတယ်။ အဲဒါဘာလဲဆိုတော့ အတွေ့အကြုံ တွေအရ ဒီမြန်မာနိုင်ငံက ကလေးတွေဟာ ဉာဏ်ရည်၊ ဉာဏ်သွေး မညံ့ဘူးဆိုတာကို အဲဒီလို ပြောပြထားတာကို အဲဒီဟာကို ကျွန်မ မှတ်မိပါတယ်။ သစ်ပင်တစ်ပင် ရှင်သန်ကြီးထွားပြီးတဲ့ အခါကျတော့ ပိုးမွှားကင်းစင်ဖို့၊ သစ်ပင်ရှင်သန် ကြီးထွားဖို့၊ နောက်တစ်ခါ အသီးအပွင့် ဝေဆာ ဖို့က အဲဒီ ဥယျာဉ်မှူးရဲ့ ပြုစုပျိုးထောင်မှု၊ နောက်တစ်ခါ အင်မတန်လွန်စွာအရေးပါသကဲ့သို့ တပည့်များ သင်ကြားသမျှကို ရှင်းလင်း လွယ်ကူစွာ နားလည်နိုင်ဖို့၊ နောက် ကျွမ်းကျင်ပိုင်နိုင်ဖို့၊ ဥယျာဉ်မှူးကဲ့သို့သော ဆရာများမှာ တာဝန်ရှိတယ်လို့ ကျွန်မက အဲဒီလို ထင်ပါတယ်၊ ယုံကြည် ပါတယ်။ အဲဒီလိုတင်ပြချင်ပါတယ်။ လူငယ်တွေဟာ တိုင်းပြည်ရဲ့အနာဂတ်ကို နောင်တစ်ချိန်မှာ တည်ဆောက်ကြမယ့် ဗိသုကာ သဘောမျိုးဖြစ်လာနိုင်တဲ့ လူတွေလည်းပါလာမှာ ဖြစ်ပါတယ်။

အဲဒီတော့ အနာဂတ်တွင် ဆရာများ၏လက်ထဲ၊ ဆရာများ၏ အရည်အချင်းထဲမှာ တည်တယ်လို့တောင် ပြောလို့ရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ရာ တိုင်းပြည်ရဲ့အနာဂတ်တွင် တာဝန်အသီးသီးတို့ကို ပုခုံးပြောင်း တာဝန်ယူဆောင်ရွက်နိုင်မယ့် လူတော်၊ လူကောင်းများ ပေါ်ထွက်လာရေးသည် ဆရာ/ဆရာမများရဲ့ သမိုင်းကပေးသော တာဝန်တစ်ရပ် ဖြစ်သည်ဟု တင်ပြအပ်ပါတယ်။ သို့ဖြစ်ရာ ဤကဲ့သို့ ကြီးလေးသော၊ အရေးပါသော တာဝန်များကို ထမ်းဆောင်ကြရမည့်၊ ဆောင်ရွက်ကြရမည့် အနန္တဂိုဏ်းဝင် ဆရာ/ဆရာမတို့သည် ဂုဏ်သိက္ခာနဲ့ လျော်ညီသော အရည်အချင်း၊ အရည်အသွေးများ ရှိရန်နဲ့ မလွဲမသွေ ပြည့်စုံကြရမည် ဖြစ်ပါသည်။ မပြည့်သေးတာလည်း ပြည့်အောင်ဖြည့်ဆည်း ယူကြရမည်ဖြစ်ပါသည်။ ပညာသည်လည်းကောင်း၊ ဗဟုသုတသည်လည်းကောင်း၊ မည်မျှပင် လေ့လာလိုက်စားသော်လည်း ပြီးပြည့်စုံသည်ဟူ၍ မရှိကြောင်း လေ့လာမှတ်သားဖူးပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့မှာ ဒါ ကျွန်မတို့ နာယကကြီးမှ နှုတ်ခွန်းဆက်စကားပြောတဲ့အခါမှာ ကျွန်မ မှတ်ထားခဲ့ပါတယ်။ အဲဒါကတော့ ပြည်သူလူထုနဲ့ ပညာရေးနဲ့ ပတ်သက်လို့ ကျေးလက်ပညာရေးမှာ ချို့ငဲ့မှုတွေအများကြီးရှိနေတယ်။ ဆရာဖြစ် သင်တန်းဆင်းပြီးသား ဆရာအဆင့်နဲ့ စာသင်ခွင့် မရသေးတဲ့ကလေးတွေ ဘယ်လောက်ရှိသေးလဲ။ စနစ်တကျမဟုတ်တဲ့ ကိုယ့်အားကိုယ်ကိုး လုပ်ငန်းတွေကိုလည်း တာဝန်ယူသင့်တဲ့ လူတွေကယူဖို့၊ နောက်တစ်ခါ လွှတ်တော်က ခွင့်ပြုလိုက်တဲ့ ပညာရေးအသုံးစရိတ်တွေဟာ ဆင်းရဲတဲ့ကျေးလက်ပြည်သူတွေအတွက် အဓိကသက်ရောက်မှု ရှိ/မရှိလည်း ကြည့်ရမယ်လို့ မိန့်ကြားခဲ့တာကို ကျွန်မ မှတ်ထားပါတယ်။

အဲဒီတော့ ဒီ ကျွန်မတို့ တကယ့် တချို့နေရာတွေမှာ မူလတန်းပြ ဆရာမလေးတွေ၊ ဆရာတွေ အခုလို စနစ်တကျ မရှိသေးဘူးဆိုရင် အခုလို ဦးနိန်းခင်းပေါင် ရဲ့ အဆိုဟာ ဒါတွေအတွက်ကတော့ အင်မတန် အထောက်အပံ့ဖြစ်မယ်လို့ ကျွန်မ အဲဒီလို ယုံကြည်ပါတယ်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အချို့ ကျေးလက်ဒေသများမှာ သင်တန်းအောင်ပြီး ရောက်လာတဲ့ စနစ်တကျ စာသင်နိုင်တဲ့၊ စနစ်တကျသင်ပေးနိုင်တဲ့ ဆရာ/ ဆရာမတွေ

ကိုလည်း အဆိုပြုထားသလို စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲများ လုပ်ပေးရင် ကလေးတွေအတွက် ပိုမိုအဆင်ပြေနိုင်ကြောင်းလည်း ထောက်ခံတင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ပညာသင်ကြားရယူရမယ့် တပည့်များအတွက် ဆရာသည် လုံလောက်သော စိတ်ပိုင်း၊ ရုပ်ပိုင်းအရည်အချင်းများနဲ့ ပြည့်စုံနေသင့်ပါသည်။ ဆရာချင်းတူသော်လည်း သင်ပုံသင်နည်းအယူအဆမတူသဖြင့် အခြားသော အမူအကျင့် စရိုက်လက္ခဏာများသည် တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားကြပါသည်။ မည်သို့ဖြစ်စေ ကလေးသူငယ်တို့၏ အနာဂတ်သည် ကံ၊ ကံ၏အကျိုးဆိုသော်လည်း ဆရာ/ဆရာမများ၏ သွန်သင်ဆုံးမ ပဲ့ပြင်ပိုင်နိုင်ကျွမ်းကျင်မှု ကွဲပြားမှုအောက်တွင် ကလေးတို့၏ အရည်အချင်းများ ကွာခြားသွားနိုင်ပါသည်။ ဒါကြောင့်မိုလို့ ဆရာ/ဆရာမများသည် အရည်အချင်းပြည့်မီ၊ ကောင်းမွန်ထက်မြက်နေဖို့ လိုအပ်လှပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ယခုကဲ့သို့ တစ်ဟုန်ထိုး မျက်လှည့်ပြသလို တိုးတက်ပြောင်းလဲလျက်ရှိသော ခေတ်ကြီးတွင် ပံ့ပိုးပစ္စည်းများမှအစ သင်ရိုးညွှန်းတမ်းများ၊ ဘာသာရပ်များအားလုံးဟာ တိုးတက်လာနေသည်ကို တွေ့ရမှာဖြစ်ပါတယ်။ သို့သော်လည်း ဒါက ရုပ်ပိုင်းများတိုးတက်လာခြင်း ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်မှ သာလျှင် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ဒီမှာ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ပြီး အတွေးအခေါ်မှန်ကန်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့အတွက် နိုင်ငံတော်မှ ဆောင်ရွက်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃ ဖြင့် ပြဋ္ဌာန်းဖွင့်ဆိုထားပြီး ဖြစ်ပါတယ်။

ပုဒ်မ ၂၈၊ ပုဒ်မခွဲ(က)မှာလည်း နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး တိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်ဟုလည်းကောင်း၊ ပုဒ်မခွဲ(ဃ)ဖြင့်လည်း ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရမည်ဟု၍လည်းကောင်း ဖော်ပြထားပြီးဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အခုလို စနစ်သစ်နဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်ဆောင်ရွက်နေတဲ့အချိန်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာပဲ ဖြစ်ဖြစ်၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ကဏ္ဍတွေမှာပဲဖြစ်ဖြစ် တာဝန်ယူဆောင်ရွက်

ပေးနိုင်မယ့် နိုင်ငံ့သားကောင်းများ ပေါ်ထွက်လာရေးကတော့ ဆရာများရဲ့ ဖန်တီးဆောင်ရွက်နိုင်မှုပေါ်မှာ အဖြေထွက်လာနိုင်မယ်လို့ ကျွန်မက ထင်ပါတယ်။

အဲဒီတော့ ဥက္ကဋ္ဌကြီးရှင့်။ ယခုအခါမှာ အသက်အရွယ် အကန့်အသတ်အလိုက် ကလေးဗဟိုပြု၊ လူငယ်ဗဟိုပြု ဆောင်ရွက်ခြင်းများ တဖြည်းဖြည်းတိုးပွားလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ကလေးများ၏ အရည်အသွေး၊ အရည်အချင်းများကို တိုးမြှင့်လာရေး ပံ့ပိုးဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံတော်ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှလည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်း အသီးသီးမှလည်းကောင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်းလည်း ဝမ်းသာဖွယ်ရာ တွေ့မြင်ကြားသိနေရတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကမ္ဘာ့ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်ဖြစ်သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ပုဒ်မ အပိုဒ် ၃၇ မှာ ကလေးသူငယ်များအားလုံးသည် ရက်စက်သော သို့မဟုတ် ထိခိုက်စွာ ထိခိုက်နာကျင်စေသော နည်းလမ်းဖြင့် ပြစ်ဒဏ်ပေးခြင်းကို မခံထိုက်စေရဆိုသည့် အခွင့်အရေးရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်ကို ဒါ တစ်ကမ္ဘာလုံးလိုက်နာကြရမှာဖြစ်ပါတယ်။ သို့သော်လည်း အချို့သော ဆရာ/ဆရာမများ ဤသို့သော ကလေးအခွင့်အရေးကို မလေ့လာလို့လား၊ ဒါမှမဟုတ် မလိုက်စားလို့လား၊ ဒါမှမဟုတ် မလိုက်နာလို့လား၊ ကလေးများကို ရက်စက်စွာ ရိုက်နှက်အပြစ်ပေးခြင်း၊ ပြစ်ဒဏ်ပေးခြင်းကို မကြာခဏ ဖတ်ရှုကြားသိနေပါတယ်။ ဤသို့ မဖြစ်သင့်ပါ။ သို့ဖြစ်ရာ အခြေခံပညာအဆင့် ကျောင်းသားတပည့်များနဲ့ မလွဲမသွေ ဆက်စပ်ပံ့ပိုးကြရမယ့် ဆရာ/ဆရာမများဟာ လက်ရှိအခြေအနေ အရပ်ရပ်အရ မိမိကိုယ်တိုင် သိသင့်သိထိုက်၊ လိုက်နာသင့်လိုက်နာထိုက်တာများကို ဘာသာရပ်ကျွမ်းကျင်ပိုင်နိုင်စွာ သင်ပြမှုနဲ့အတူ နားလည်သိရှိ လိုက်နာနိုင်ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ နိဂုံးချုပ်အနေနဲ့ ဆရာ၊ ဆရာမတိုင်းဟာ ဘုရား၊ တရား၊ သံဃာ၊ မိဘတို့နှင့် တစ်ဂိုဏ်းတည်းပြုသော အနန္တဂိုဏ်းဝင်ဆရာဟူသော ဂုဏ်ကို ခံယူထိုက်သူများဖြစ်ရန် လိုအပ်ပါတယ်။ ဤသို့ဖြစ်ရန်အတွက်လည်းကောင်း၊ တပည့်များအား ဥယျာဉ်မှူးကောင်းကဲ့သို့ ပြုစုပျိုးထောင်နိုင်ရန်အတွက်လည်းကောင်း၊ မည်သို့လေ့လာလိုက်စားသော်လည်း ပြီးဆုံးသည်မရှိသော ပညာနှင့် အတွေ့အကြုံ ဗဟုသုတများ၊

နိုင်ငံတော်၏ ဥပဒေ၊ နည်းဥပဒေများ၊ ကုလသမဂ္ဂနှင့် အာဆီယံတို့၏ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် ဥပဒေများမှ မိမိတို့နှင့်စပ်လျဉ်း၍ သိသင့်သိထိုက်၊ လိုက်နာသင့်လိုက်နာ ထိုက်သည်များကို သိရှိနိုင်ရန်အတွက်လည်းကောင်း၊ မိမိတို့၏ စွမ်းဆောင်ရည်များ မြင့်မားတိုးတက်နေရန်လည်းကောင်း၊ အချိန်နှင့်တစ်ပြေးညီ လေ့လာသင့်ပါတယ်။ အဲဒီလို လေ့လာသင့်သကဲ့သို့လည်း နိုင်ငံတော်မှလည်း ပံ့ပိုးပေးမည်ဟု ဒါ အစောက ပုဒ်မ ၃၃ နဲ့ ပြဋ္ဌာန်းထားပြီးတဲ့အတိုင်းလည်း ကူညီပံ့ပိုးဖြည့်ဆည်းပေးစေလိုပါသည်။

သို့မှသာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၀(ဂ) မှာပါတဲ့ ဒါ ပြဋ္ဌာန်းချက်နှင့်အညီ လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အားလုံးတာဝန်ကျေ ကြမည်ဖြစ်ကြောင်းကို ဆွေးနွေးတင်ပြရင်းနဲ့ ချင်းပြည်နယ် အမှတ်(၇)မှ ဦးနိန်းခင်းပေါင် ရဲ့ အခြေခံပညာ ဆရာ/ဆရာမများ၏ စွမ်းဆောင်ရည် မြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲများဖြည့်ဆည်းကူညီပံ့ပိုးပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်ဝိုင်းကြည် က ကျွန်တော် ပြောတာတွေကို မှတ်ထားတဲ့အခါကျတော့ မှတ်ထားစရာမလိုတာလေးတွေလည်း ပြောပြပါဦးမယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးတော့ ပါတီစုံစနစ် ကျင့်သုံးတဲ့အခါမှာ ပါတီတစ်ခုနဲ့တစ်ခု ပုတ်ခတ်ပြီးတော့ စာအုပ်တွေထုတ်ကြတယ်။ အဲဒီအချိန်မှာ လက်တစ်ဝါးလောက် စာအုပ်လေးက ပြည်သူ့အကြိုက်ပါတီဆိုတဲ့ ခေါင်းစဉ်နဲ့ စာအုပ်အနီလေးပေါ့။ ကျွန်တော်ထင်တယ် ထွန်းပုံနှိပ်တိုက်က ပုံနှိပ်တာထင်တယ်။ မျက်နှာဖုံးမှာတော့ မောင့်ကျက်သရေခေါင်းပေါင်းနဲ့ လည်ပင်းမှာ ပုတီးဆွဲထားပြီးတော့မှ ငါးမျှားနေတဲ့ပုံပေါ့။ အောက်ကငါးကို ပြည်သူလို့ ရေးထားတယ်။ ဒါဆို ဘယ်ပါတီကို ဘယ်ပါတီက ပုတ်ခတ်တယ်ဆိုတာတော့ ဒါ ရှင်းပါတယ်။ အထဲမှာတော့ ကျွန်တော်တို့ပါတီဟာ နိုင်ငံတော်နဲ့ နိုင်ငံသားကောင်းကျိုး ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပြည်သူကြိုက်တာ အားလုံးလုပ်ပါမယ် ဆိုပြီး နိဒါန်းချီပြီးတော့မှ ပညာရေးဆိုင်ရာပါတီရဲ့ မူဝါဒရေးထားတာပါ။ ပညာရေးဆိုင်ရာ ပါတီရဲ့မူဝါဒမှာ ဆရာသည် ကျေးဇူးရှင်မဟုတ် ကျောင်းသားများရှိ၍ ဆရာလခ ရသည်။ ထို့ကြောင့် ကျောင်းသားများသည် ကျေးဇူးရှင်ဖြစ်သည်။ ကျေးဇူးရှင်ဖြစ်သော ကျောင်းသားများ

ကို ဆရာများက ရိုရိုသေသေ ဆက်ဆံရမည်။ ကျွန်ုပ်တို့ပါတီအာဏာရလျှင် ကျောင်းအပြေးဆုံး ပုဂ္ဂိုလ်ကို ပညာရေးဝန်ကြီးခန့်မည်။ ထိုပုဂ္ဂိုလ်မျိုးကိုလည်း ဝေးဝေးရှာစရာ မလိုပါ၊ ကျွန်ုပ်တို့ ပါတီသည် ထိုပုဂ္ဂိုလ်မျိုးများဖြင့် ဖွဲ့စည်းထားသော ပါတီဖြစ်သည်။ ဒါကတော့ တစ်ချိန်က ဒီလို အပြောင်အပြက်တိုက်ခိုက်ကြတဲ့သဘောပါ။ မှတ်မထားနဲ့ဦးနော်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြင့်စိန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၄။**

**ဗိုလ်မှူးမြင့်စိန် (တပ်မတော်သား ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ရေ ၃၆၃၆ ဗိုလ်မှူးမြင့်စိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၆-၁၁-၂၀၁၂ ရက်နေ့က တင်သွင်းသွားတဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က ဦးနိန်းခင်းပေါင် ရဲ့ အခြေခံပညာ ဆရာ/ဆရာမများရဲ့ စွမ်းဆောင်ရည် မြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲများ ဖြည့်ဆည်း ကူညီပံ့ပိုးပေးရန် အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဆွေးနွေးချက် အား ဖတ်ကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

အဆိုကို လေ့လာကြည့်ရာမှာ အဆိုရှင်အနေနဲ့ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေ လိုတဲ့ စေတနာကောင်းဖြင့် တင်ပြအဆိုပြုထားတာကို တွေ့ရပါတယ်။ တိုင်းပြည်နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံအကျဆုံးကတော့ လူသားအရင်းအမြစ်ပဲ ဖြစ်ပါတယ်။ ဒီ လူသားအရင်းအမြစ်က အသိဉာဏ် ဖွံ့ဖြိုးတိုးတက်မှသာလျှင် တိုင်းပြည်တည်ဆောက်ရေးမှာ အထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အခြေခံအကျဆုံး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ပညာတတ်များ မွေးထုတ်ပေးရပါမယ်။ ပညာတတ်များ မွေးထုတ်ပေးနိုင်ရန် အခြေခံကတော့ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများကို ပညာရေး အဆင့်အတန်း မြင့်မားလာအောင် သင်ကြားလေ့ကျင့်ပေးခြင်းပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အခြေခံပညာရေးကဏ္ဍကို ပတ်ဝန်းကျင်အိမ်နီးချင်းနိုင်ငံများနဲ့ ရင်ပေါင်တန်းနိုင်အောင် စီမံချက် ချပြီး စနစ်တကျ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အခြေခံပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

ဆောင်ရွက်ရာမှာလည်း မဖြစ်မနေလိုအပ်တဲ့ သင်ကြားမှု၊ သင်ယူမှုစနစ်၊ အဆောက်အဦ ပြည့်စုံလုံလောက်မှု အခြေအနေ၊ သင်ထောက်ကူပစ္စည်းများပြည့်စုံမှု၊ ဆရာ/ဆရာမအင်အား စတာတွေကို ကျွန်တော်တို့ ထည့်သွင်းစဥ်းစားရမှာ ဖြစ်ပါတယ်။ ဒီလိုစဥ်းစားစရာတွေထဲက အဆိုရှင် တင်ပြခဲ့တဲ့အချက်နဲ့ အံဝင်ခွင်ကျတဲ့ သင်ကြားမှု၊ သင်ယူမှုစနစ်ကို အကောင်ထည်ဖော် ဆောင်ရွက်ကြရမယ့် ဆရာ/ဆရာမများရဲ့ အခန်းကဏ္ဍက အဓိကကျပါတယ်။ ဆရာ/ဆရာမ များအနေနဲ့ ကျောင်းသား/ကျောင်းသူများကို ပညာသင်ကြားပေးရာမှာ စာတတ်မြောက်ရုံ တစ်ခုတည်းမဟုတ်ဘဲ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တဗလတွေပါ ပြည့်စုံအောင် သင်ကြားပေးဖို့ တာဝန်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသား/ကျောင်းသူတွေမှာလည်း မွေးကတည်းက ပါလာကြတဲ့ အခြေခံအရည်အသွေးများရှိကြပါတယ်။ ဒီအရည်အသွေးတွေကို ဆရာ/ဆရာမများအနေနဲ့ အခြေခံပြီးတော့ တန်ဖိုးရှိတဲ့ လူသားများဖြစ်လာအောင် လေ့ကျင့် ပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အနီးကပ် လက်တွေ့ကျကျ လေ့ကျင့်ပျိုးထောင် ပေးရမယ့် ဆရာ/ဆရာမများဟာ အရည်အချင်းပြည့်ဝဖို့ လိုအပ်လာပါတယ်။ ဒါကြောင့် တပည့် မကောင်း ဆရာခေါင်း ဆိုတဲ့ ဆရာများအနေနဲ့ တပည့်များအပေါ် တာဝန်ခံရတဲ့ စကားစု ပေါ်လာခြင်း ဖြစ်ပါတယ်။ ဒ့ါကြောင့် ဆရာ/ဆရာမများဟာ မိမိကိုယ်မိမိ အရည်အချင်းရှိသောသူ ဖြစ်ရန် အမြဲတမ်းလေ့လာနေရမှာ ဖြစ်ပါတယ်။ ကျောင်းသား/ကျောင်းသူတိုင်း အားကိုးရတဲ့ သူတစ်ယောက်ဖြစ်နေရန်လည်း သင်ကြားနိုင်ရမှာ ဖြစ်ပါတယ်။

မိမိသင်ကြားတဲ့ ဘာသာရပ်နဲ့ ပတ်သက်၍လည်းကောင်း၊ မိမိတာဝန်ယူရတဲ့ အတန်းနဲ့ ပတ်သက်ပြီးတော့လည်းကောင်း၊ သက်ဆိုင်ရာသင်တန်းများကိုလည်း သတ်မှတ်အရည်အချင်းများ ပြည့်မီတဲ့အခါမှာ တက်ရောက်နေရမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာန အပိုင်းကလည်း ဆရာ/ဆရာမများ သင်ကြားရေးဘက်မှာ ဂရုတစိုက်သင်ကြား နိုင်ရန်အတွက် လိုအပ်သည်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်။ ကျောင်းသားဗဟိုပြု သင်ကြားရေးနည်းစနစ်ကို ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်မယ်လို့ ဒီဘက်ခေတ်မှာ ပြောနေကြတဲ့အတိုင်း ဆရာ/ဆရာမ များအနေနဲ့လည်း ဒီစနစ်ကို သေသေချာချာ ဂဃနဏ သိထားဖို့ လိုအပ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် ဆရာ/ဆရာမများဟာ ၎င်းတို့ ရရှိထားတဲ့ ဘွဲ့၊ ဒီဂရီနဲ့ သက်ဆိုင်တဲ့ ဘာသာရပ်ကိုပဲ သင်ကြားစေသင့်ပါတယ်။ ဝိဇ္ဇာဘာသာရပ်ဘွဲ့ရရှိသူကို သိပ္ပံဘာသာရပ် သင်ကြားစေခြင်း၊ သိပ္ပံဘွဲ့ရရှိသူကို ဝိဇ္ဇာဘာသာရပ် သင်ကြားစေခြင်း တာဝန်များကို မပေးအပ်မိဖို့ သတိပြုသင့်ပါတယ်။ ဒါ့အပြင် ဆရာ/ဆရာမများဟာ သတ်မှတ်ထားတဲ့ ကျောင်းသား/ကျောင်းသူအင်အားကိုသာ သင်ကြားစေသင့်ပါတယ်။ ကျောင်းသား/ကျောင်းသူအင်အား အဆမတန်များပြားပြီး သင်ရတဲ့ ဆရာ/ဆရာမ တစ်ယောက်အနေနဲ့ ဘာသာရပ်မှာ စိတ်ဝင်စားမှု အားနည်းပြီးတော့ ကျောင်းသား/ကျောင်းသူများကို ကွပ်ကဲရတဲ့ နေရာမှာလည်း အခက်အခဲရှိနိုင်ပါတယ်။ ဆရာ/ဆရာမများအနေနဲ့ စာသင်ချိန်နဲ့ပတ်သက်ပြီးတော့ လူတစ်ယောက် တစ်နေ့စာ သင်ကြားနိုင်တဲ့ အချိန်ကိုပဲ သင်ကြားစေသင့်ပါတယ်။ စာသင်ကြားချိန် ဆရာ/ဆရာမတစ်ယောက်ကို များပြားစွာ ပေးထားမယ်ဆိုရင်တော့ ဆရာ၊ ဆရာမများအနေနဲ့လည်း စာသင်ကြားမှုအပေါ် စိတ်ဝင်စားမှု အားနည်းနိုင်တယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သင်ကြားရေးတာဝန်ယူရတဲ့ ဆရာ/ဆရာမများကို အုပ်ချုပ်ရေးနဲ့ ကာယဆိုင်ရာကိစ္စရပ်များမှာ တာဝန်မပေးမိရန်လည်း ၎င်းတာဝန်တွေအတွက် သီးခြားခန့်အပ်ထားဖို့ လိုအပ်မယ်လို့ ယူဆပါတယ်။ ကျောင်းတစ်ကျောင်းမှာ သတ်မှတ်ပေးထားတဲ့ ဆရာနဲ့ ဝန်ထမ်းအင်အား ပြည့်စုံစွာ ထားရှိပေးရန်လည်း လိုအပ်ပါတယ်။ သို့မှသာ ကိုယ့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင် ကြပြီးတော့ ဆရာ/ဆရာမများကိုလည်း အရည်အချင်းပြည့်ပြီး သင်တန်းများကို စေလွှတ်ရာမှာ သမာသမတ်ကျတဲ့ နည်းလမ်းတွေကို အသုံးပြုပြီးတော့ သင်ကြားရေးကို မထိခိုက်စေဘဲ သင်တန်းများကို စေလွှတ်ပေးရမှာ ဖြစ်ပါတယ်။

ဆရာ/ဆရာမများအနေနဲ့ တပည့်များကို ပညာသင်ကြားရာတွင်လည်း ကျောသားရင်သားမခွဲခြားဘဲနဲ့ ပညာတတ်မြောက်စေလိုတဲ့ စေတနာ ရင်မှာ အပြည့်ထားပြီး သင်ကြားဖို့ လိုပါတယ်။ တပည့်များကို စာမေးပွဲ စစ်ဆေးရာမှာလည်း မအောင်မရှိ ငါ့တပည့်ဆိုတဲ့ မှားယွင်းသော အယူအဆများကို ဖယ်ရှားပြီးတော့ အမှန်တကယ် အရည်အချင်းပြည့်မီသူကိုသာ အောင်မြင်စေပြီး ကျရှုံးတဲ့တပည့်ကိုလည်း မည်သို့အောင်မြင်အောင် သင်ကြားလေ့ကျင့်သင့်သလဲဆိုတာ အဖြေရှာပြီးတော့ နားလည်တတ်ကျွမ်းအောင် သင်ကြားပေးရန် တာဝန်ရှိပါတယ်။ ဒါ့အပြင် ကျောင်းအရွယ်အစားပေါ် မူတည်ပြီးတော့ ဆရာ/ဆရာမအင်အားနဲ့ ဝန်ထမ်းအင်အားကို အတတ်နိုင်ဆုံး

လုံလောက်စွာ ခန့်ထားပေးရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနကိုလည်း တိုက်တွန်းလိုပါတယ်။ မိဘများကလည်း မိမိတို့ရဲ့ ရင်သွေးများကို ဆရာ/ဆရာမများထံ အားကိုးယုံကြည်စွာ ပညာသင်ကြားနိုင်ရေး အပ်နှံထားတဲ့အတွက် ဆရာ/ဆရာမများဟာ တပည့်များအား မိဘသဖွယ် စောင့်ရှောက်ရခြင်းလည်း ဖြစ်ပါတယ်။

တိုင်းပြည်တစ်ပြည်ဟာ သယံဇာတ ဘယ်လောက်ပဲ ကြွယ်ဝပါစေ ၎င်းတိုင်းပြည်မှာ နေထိုင်တဲ့ လူသားတွေကို ကျွန်တော်တို့ စွမ်းရည်ပြည့်ဝပြီး အရည်အချင်းရှိတဲ့ သူများဖြစ်အောင် မပြုနိုင်ဘူးဆိုရင် ရေရှည်မှာ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတစ်ခု ဖြစ်လာနိုင်စရာအကြောင်း မရှိပါဘူး။ သယံဇာတဆိုတာကတော့ အမြဲတမ်းသုံးလိုက်ရင် တစ်ချိန်ချိန်မှာ ကုန်ဆုံးသွားနိုင်ပါတယ်။ လူသားအရင်းအမြစ်ကတော့ ကျွန်တော်တို့ အမြဲတမ်း တစ်ဦးနဲ့တစ်ဦး လက်ဆင့်ကမ်းပြီးတော့ ပညာအမွေတွေ ပေးခဲ့နိုင်မှာဖြစ်တဲ့အတွက် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်မှုရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုများမှာ လူသားဦးနှောက်မှာ ရင်းနှီးမြှုပ်နှံမှုက ထာဝစဉ်တိုးတက်မှုကို ရရှိမယ်ဆိုတဲ့ အဆို အတိုင်းပါပဲ။ ဆိုလိုတာကတော့ လူသားတွေကို အသိပညာ၊ အတတ်ပညာများ ရှိလာအောင် လေ့ကျင့်ပျိုးထောင်သင်ကြားပေးခြင်းဖြင့် တစ်နည်းအားဖြင့် ပညာရေးကဏ္ဍတိုးတက်အောင် နိုင်ငံတော်မှ ဘဏ္ဍာငွေတွေ ပုံအောပြီးတော့ သုံးစွဲခြင်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်သော အခြေခံပညာဆရာ/ဆရာမများ အရည်အချင်းပြည့်ဝရေးဟာ ဒေါက်တိုင်တစ်ခုအဖြစ် ရပ်တည်လျက်ရှိပါတယ်။ ဆရာ/ဆရာမများ အရည်အချင်းပြည့်ဝရေးအတွက် အထောက်အကူပြုတဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကိုလည်း နယ်ပယ်စုံမှ ပညာရှင်များပါဝင်ပြီးတော့ ဆွေးနွေးအကြံပြုကြပြီး ကောင်းမွန်သောရည်မှန်းချက်များချမှတ်ကာ လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းအကြံပြုရင်း ကျွန်တော်၏ ဆွေးနွေးချက်အားနိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့စပ်လျဉ်းပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၀။**

**ဒေါက်တာဘရှေ (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါဟု နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ၏ ပညာရေးဆိုင်ရာ အဆိုနဲ့ပတ်သက်၍ မြန်မာနိုင်ငံအခြေခံပညာ ဆရာ/ဆရာမများ၏ စွမ်းဆောင်ရည်မြင့်မားရေးလုပ်ငန်း ဆွေးနွေးပွဲများ ဖြည့်ဆည်းကူညီပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနဲ့ပတ်သက်၍ ရှင်းလင်းသွားမည့် ကျွန်တော် ပြည်ထောင်စု ဒုတိယဝန်ကြီး ဒေါက်တာဘရှေ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပညာရေးကဏ္ဍနဲ့ ပတ်သက်လို့ ကျွန်တော်တို့ အခုလို အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်တော်ကြီးများက တင်ပြဆွေးနွေးတာကို ကျွန်တော့်အနေနဲ့ အခုအခါ ကြားရတဲ့အတွက် အထူးပဲ ဝမ်းမြောက်ကြည်နူးပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ နိုင်ငံ ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ ပစ္စုပ္ပန်နဲ့ အနာဂတ်ဟာ ပညာရေးပေါ်မှာ မှီတည်နေတယ်ဆိုတာကို ကိုယ်စားလှယ်တော်ကြီးများအားလုံးက အခုလို စိတ်ပါဝင်စားကြတဲ့အတွက်လည်း ပညာရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်နေရတဲ့ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုဝန်ကြီး ကိုယ်စား အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းပြီးတော့ ကျွန်တော် တင်ပြလိုပါတယ်။

ကျွန်တော်တို့ ပညာရေးဆိုတာဟာ တကယ်တော့ သူ့ကို အနီးဆုံး ဥပမာလေး တစ်ခု ပြောမယ်ဆိုရင်တော့ ကျွန်တော်တို့ ပညာရေးဟာ သစ်ပင်ကြီးတစ်ပင်နဲ့ တူပါတယ်။ ပညာရေးကဏ္ဍကို လေ့လာကြည့်တဲ့အခါမှာ ပညာရေးမှာ အသွင်သဏ္ဌာန်အားဖြင့် ပိုင်းခြားလေ့လာရင်တော့ ကျွန်တော်တို့ အခြေခံကဏ္ဍ၊ အဆင့်မြင့်ကဏ္ဍဆိုပြီးတော့ (၂)ပိုင်းတွေ့ရပါတယ်။ သစ်ပင်တစ်ပင်မှာလည်းပဲ သစ်ပင်တစ်ပင်ရဲ့ အခြေခံဖြစ်တဲ့ ပင်စည်ပိုင်းနဲ့ အပေါ်လွှာဖြစ်တဲ့ အကိုင်းအခက်၊ အရွက်နဲ့ အသီး၊ အပွင့်ဆိုပြီး အပိုင်း(၂)ပိုင်းတွေ့ရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လူတွေဟာ အသုံးဝင်မှုအပိုင်းကနေ ကြည့်တဲ့အခါကျရင် ဒီသစ်ပင်ကြီးဟာ အရိပ်ရသလား၊ ဒီသစ်ပင်ကြီးဟာ အပွင့်ပွင့်သလား၊ ဒီသစ်ပင်ကြီးဟာ အသီးသီးသလား ဆိုတဲ့ လူသားတွေအတွက် ကျွန်တော်တို့ အသုံးဝင်မှုအပိုင်းနဲ့ ကျွန်တော်တို့ ပြန်လည်ရှုမြင်သုံးသပ်ကြပါတယ်။

ဒါကြောင့်မို့လို့ သစ်ပင်တစ်ပင်ဟာ ပေပင်ကဲ့သို့ မရပ်တည်နဲ့ ညောင်ပင်ကဲ့သို့ ရပ်တည်ပါလို့ ရှေးပညာရှိများက ဆိုခဲ့ခြင်းဟာ ကျွန်တော်တို့ ပညာဟာ ညောင်ပင်နဲ့ တူပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပညာနဲ့ပတ်သက်လို့ လေ့လာတဲ့အခါမှာ ကျွန်တော်တို့ လူတွေ ပစ္စုပ္ပန်မှာ အသုံးဝင်ကြတဲ့လူတွေက အသုံးချရတဲ့အပိုင်းဟာ သစ်ပင်ရဲ့ အပေါ်လွှာဖြစ်တဲ့ အကိုင်းအခက်၊ အရွက်၊ အသီးအပွင့်တွေ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ အဆင့်မြင့်ပညာကဏ္ဍနဲ့ကို ကိုယ်စားပြုပါတယ်။ ဒါပေမဲ့ ဒီအခြေအနေတစ်ခု ဖြစ်လာဖို့အတွက် သူ့ရဲ့ အခြေခံအကျဆုံးဟာ သူ့ရဲ့ ပင်စည်၊ ပင်စည်မှာ အဓိကအကျဆုံးက ရေသောက်မြစ် ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ အခြေခံပညာကဏ္ဍဟာ ကျွန်တော် ပညာရေးမှာ ရေသောက်မြစ်နဲ့ ကျွန်တော်တို့ ပင်စည်နဲ့ တူပါတယ်။ ဒါကြောင့်မို့လို့ ရေသောက်မြစ်ကောင်းမှ၊ ပင်စည်ထွားမှ အကိုင်းအခက်တွေဟာလည်း ထပ်ဆင့်ဝေဆာပြီးတော့ အသီးအပွင့်တွေ ဝေဆာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံအတွက် ယနေ့ နိုင်ငံတော်ရဲ့ တစ်ခုလုံးရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ပစ္စုပ္ပန်နဲ့ အနာဂတ်မှာ ကျွန်တော်တို့ ပညာခေတ်မှာ ပညာသည် ပဓာနကျတဲ့အတွက် ပညာရေးကဏ္ဍကို ကျွန်တော်တို့ အလေးထားပြီး တိုးတက်နိုင်အောင် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

မိမိနိုင်ငံအတိုင်းအတာ၊ အာဆီယံအတိုင်းအတာနဲ့ နိုင်ငံတကာအတိုင်းအတာအထိ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးကဏ္ဍကို မြှင့်တင်သွားဖို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်သော အစီအမံများကို ကျွန်တော်တို့ ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာအဖြစ် ကျွန်တော်တို့ နိုင်ငံတော်ကို တင်ပြပြီးတော့ ယနေ့ ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီတော့ ဒီနေရာမှာ ယနေ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ကဏ္ဍမှာ အင်မတန်ကိုလည်း အရေးပါပါတယ်။ အင်မတန်ကိုလည်းပဲ အလေးထားဆောင်ရွက်နေသော အပိုင်းကဏ္ဍ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ ပညာရေးဆိုတဲ့အခါကျတော့ ပညာရေးမှာ တကယ်တမ်း ပညာရေးကဏ္ဍကို ရုပ်လုံးဖော်ပေးရတဲ့ ပုဂ္ဂိုလ်များဟာ ဆရာ/ဆရာမများ ဖြစ်တယ်ဆိုတာလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ ဆရာ/ဆရာမတွေမှာ ပထမဆုံး တစ်ဆင့်ကတော့ သူသည် ကျွမ်းကျင်သော ပန်းပုဆရာတစ်ယောက် ဖြစ်တဲ့အတွက်

ကြောင့် သူ့ရဲ့ ပညာပိုင်းဆိုင်ရာမှာ ပြည့်စုံဖို့ လိုပါတယ်။ ဒုတိယပိုင်းကတော့ ပန်းပုဆရာသည် သူ့ရဲ့ ရုပ်လုံးဟာ တကယ်ကို အဆင့်မြင့်လာအောင်၊ ရသမြောက်အောင်ဆိုတာ သူ့ရဲ့ Aspiration သူ့ရဲ့ နှလုံးသားထဲမှာရှိလာသော သူ့ရဲ့ စိတ်ကူးစိတ်သန်းဟာ ဒီပန်းပုရုပ်လုံးရဲ့ အသက်ဝင်မှု ဆိုတဲ့ ကျွန်တော်တို့ ရသမြောက်မှုဖြစ်ပါတယ်။ ဒီသဘောပါပဲ ကျွန်တော်တို့ ဆရာ/ဆရာမတွေဟာလည်းပဲ မိမိတို့ရဲ့ အသိပညာ၊ အတတ်ပညာကို ကျွမ်းကျင်ရုံမကဘူး။ မိမိသင်ကြားပေးရတဲ့ ကျောင်းသူ/ကျောင်းသားများရဲ့ ဘဝကို ပိုမိုတောက်ပြောင်အောင် သူ့တို့ရဲ့ စိတ်ကို Mode ကို သွင်းရပါတယ်။ ဒါမှသာလျှင်လည်းပဲ တကယ့် ကျွန်တော်တို့ရဲ့ တကယ်အရည်အသွေး ပြည့်ဝတဲ့ လူသားအရင်းအမြစ်တွေ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အခြေခံအကျဆုံးဖြစ်တဲ့ အခြေခံပညာကဏ္ဍမှာ တာဝန်ထမ်းဆောင်ကြတဲ့ ဆရာ/ဆရာမများတွေရဲ့ အခန်းကဏ္ဍဟာ အလွန်ပဲအရေးကြီးကြောင်း ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဆရာ/ဆရာမများရဲ့ အရည်အသွေးပိုင်းဆိုင်ရာ မြင့်မားဖို့အတွက် သူတို့ရဲ့ သင်ယူခဲ့တဲ့ အသိပညာ၊ အတတ်ပညာအပြင် သူတို့ရဲ့ သင်ကြားမှုစွမ်းရည်ပါ ပိုမိုမြင့်မားလာအောင် ကျွန်တော်တို့ လေ့ကျင့်ပျိုးထောင်ပေးရပါတယ်။ အထူးသဖြင့် ဆရာ/ဆရာမများရဲ့ အရည်အသွေး မြင့်မားစေဖို့အတွက် ကျွန်တော်တို့ ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ဖို့အတွက် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှ စီမံကိန်းချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် မဆောင်ရွက်နိုင်သေးတဲ့အတွက် ကျွန်တော်တို့ ဆောင်ရွက်နိုင်သော အတိုင်းအတာကို နှစ်ပိုင်း၊ နှစ်ပိုင်းအလိုက် ကျွန်တော်တို့ စီမံကိန်း ချမှတ်ပြီးတော့ သင်တန်းများပို့ချလျက်ရှိပါတယ်။

ယခု ၂၀၁၂ ခုနှစ်မှာ မြို့နယ်ပေါင်း (၉၃)မြို့နယ်မှ မူလတန်းပြပေါင်း (၄၆၈၁၃)ဦးကို သင်ကြားရေးဆိုင်ရာ မွမ်းမံသင်တန်းများ ဖွင့်လှစ်ပြီးတော့ CCA ဆိုတဲ့ Child Centre Approach နဲ့ ကျွန်တော်တို့ ကလေးဗဟိုပြုချဉ်းကပ်သင်ကြားမှုနဲ့ လေ့ကျင့်လျက်ရှိပါတယ်။ အဲဒီမွမ်းမံသင်တန်းများဟာ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ နှစ်စဉ် စီမံချက်မြို့နယ်များကို ချမှတ်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်သွားလျက်ရှိရာမှာ ၂၀၁၃ ခုနှစ်မှာ (၈၅)မြို့နယ်၊ ၂၀၁၄ ခုနှစ်မှာ (၇၂)မြို့နယ်တို့မှာ မူလတန်းအဆင့်သင်

ဆရာ/ဆရာမများ အားလုံးအတွက် ဖွင့်လှစ်ပို့ချသွားမှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ SCCA - 2 စီမံချက် (၆၄)မြို့နယ်နဲ့ UNICEF စီမံချက် EQM မြို့နယ်ပေါင်း (၁၆)နယ် စုစုပေါင်း (၈၀)မြို့နယ်မှာ CCA သင်ကြားမှု အားနည်းနေတဲ့ မြို့နယ်(၃၀)တို့မှာ မွမ်းမံသင်တန်းများကို ထပ်မံပြီးတော့ ဖွင့်လှစ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါဟာ ကျွန်တော်တို့ ဒီအခြေခံကဏ္ဍရဲ့ အင်မတန်ကို နုနယ်သေးတဲ့ မူလတန်းအရွယ် ကလေးငယ်များ သင်ကြားရေးနဲ့ ပတ်သက်လို့ ဆရာ/ဆရာမများရဲ့ သင်ကြားမှုစွမ်းရည် နောက်ပြီးတော့ ကျွန်တော်တို့ ကလေးသူငယ်တွေကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေး တင်ပြသလို ဆရာတွေအပေါ်မှာ ကြောက်ချစ်ရိုသေ မကဘူး။ ဆရာ/ဆရာမတွေအပေါ်မှာ လည်းပဲ သူတို့ သိလိုသောအချက်များကို ပြန်လည် ပြီးတော့ မေးခွန်းထုတ်နိုင်တဲ့ သူ့အဆင့်နဲ့သူ ဖြစ်လာအောင် ကျွန်တော်တို့ ဒီ CCA စီမံကိန်းမှာ ပါရှိပါတယ်။ ဆရာတွေက ပြောသမျှကိုပဲ သိတာမဟုတ်ဘဲ သူတို့ကိုယ်တိုင် စိတ်မှာ မရှင်းလင်းတဲ့ ကိစ္စများကို ဆရာ/ဆရာမများကို ပြန်လည်ပြီးတော့ မေးခွန်းထုတ်ပြီးတော့ မေးနိုင်တဲ့ အနေအထားမျိုးဖြစ်အောင် ဒီစီမံကိန်းက ကျွန်တော် တို့ လေ့ကျင့်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီအခြေခံကဏ္ဍနဲ့ ပတ်သက်လို့ အခုလို CCA စီမံကိန်းနဲ့ တစ်နိုင်ငံလုံးလွှမ်းခြုံအောင် စီမံချက်ချမှတ် ဆောင်ရွက်နေသလို ကျွန်တော်တို့ ဒီအခြေခံကဏ္ဍမှာ ရှိနေတဲ့ အလယ်တန်း၊ အထက်တန်းအဆင့် ဆရာ၊ ဆရာမများရဲ့ အရည်အသွေး မြင့်မားရေး ကိစ္စကိုလည်းပဲ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ စဉ်ဆက်မပြတ် ဆောင်ရွက်လာခဲ့ ပါတယ်။ ၂၀၀၆ ခုနှစ်နဲ့ ၂၀၀၇ ခုနှစ်မှာ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း အဆင့် ဘာသာရပ်သင်ကြားရေး မွမ်းမံသင်တန်းများကို ဖွင့်လှစ်ပြီးတော့ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ဆရာ/ဆရာမပေါင်း (၂၄၅၀၇၆)ဦးတို့ကိုလည်းကောင်း၊ ၂၀၀၈-၂၀၀၉ ခုနှစ် ပညာသင်နှစ်မှာ အထက်တန်းအဆင့်မှာ အဆင့်မြှင့်တင်ရေးဆွဲထားတဲ့ သင်ရိုးမာတိကာ များကို သင်ကြားနိုင်ရေးအတွက် ဉာဏ်သစ်လောင်းသင်တန်းနှင့် ဆင့်ပွားသင်တန်းများကို အထက်တန်းပြ ဆရာ/ဆရာမပေါင်း (၂၄၈၃၂)ဦးကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ်နဲ့ ၂၀၁၀ ခုနှစ် မှာတော့ အင်္ဂလိပ်စာနဲ့ သင်္ချာဘာသာရပ် သင်ကြားရေးဆိုင်ရာ မွမ်းမံသင်တန်းနဲ့ ဆင့်ပွားသင်တန်း များကို ဖွင့်လှစ်တဲ့အတွက်ကြောင့်မို့လို့ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ဆရာ/ဆရာမ

စုစုပေါင်း(၂၁၀၈၂၆)ဦးကို ကျွန်တော်တို့ အရည်အသွေးပိုင်းဆိုင်ရာ မြင့်မားရေးအတွက် သင်တန်းများ လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အလားတူပဲ ကျွန်တော်တို့ ယနေ့ ပညာခေတ်မှာ ကျွန်တော်တို့ ကျောင်းသားလူငယ်များရဲ့ ပညာသင်ကြားရေးမှာ အင်္ဂလိပ်ဘာသာစကား သင်ကြားရေးဟာ အလွန်ပဲ အရေးကြီးလာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံမှာ အင်္ဂလိပ်ဘာသာစကားကို သင်ကြားရေးနဲ့ ပတ်သက်လို့ အရည်အသွေး မြင့်မားလာဖို့အတွက် ကျွန်တော်တို့ အဓိကအားဖြင့် သင်ကြားသူဆရာ/ဆရာမများရဲ့ အရည်အသွေး မြင့်မားနိုင်ဖို့အတွက် မိမိတို့ရဲ့ ပြည်တွင်းမှာရှိနေတဲ့ သင်တန်းအစီအစဉ်များအပြင် ယခုအခါ အင်္ဂလိပ်ဘာသာစကားကို Native Speaker အဖြစ် ပြောဆိုသောပုဂ္ဂိုလ်များကို ကျွန်တော်တို့ နိုင်ငံတော်ရဲ့ အစီအစဉ်ဖြင့် ဖိတ်ခေါ်ပြီးတော့ သင်တန်းများ ပို့ချနိုင်ဖို့လည်း ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါတယ်။

ဒီအစီအစဉ်များအရ ကျွန်တော်တို့ အဓိကအားဖြင့် အခြေခံပညာသင်တန်းတွေကို စတင်သင်ကြားရတဲ့ ပညာရေးကောလိပ်များမှာ တက်ရောက်သင်ကြားနေကြတဲ့ ဆရာမလောင်းများကို ကျွန်တော်တို့ Native Speaker များမှ လာရောက်ပို့ချခြင်း၊ ၎င်းသင်တန်းများကို ဦးဆောင်နေသော ဆရာ/ဆရာမများအား သင်ကြားပို့ချခြင်းစတဲ့ အစီအမံများကို ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှ အထူးစီမံကိန်းတစ်ခုအနေနဲ့ စီမံဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီ ပညာရေးကဏ္ဍမှာ သင်ကြားရေးအပြင် စီမံခန့်ခွဲရေးကဏ္ဍဟာ အရေးကြီးပါတယ်။ ကျွန်တော်တို့ သင်ကြားမှုအရ ချမှတ်ထားတဲ့ သင်ရိုးညွှန်းတမ်းများကို စနစ်တကျ သင်ကြားခြင်း ရှိ/မရှိ။ ကျောင်းသူ/ကျောင်းသားများရဲ့ စည်းကမ်းလိုက်နာမှုကို ကျောင်းစည်းကမ်းများကို လိုက်နာနိုင်မှု ရှိ/မရှိ။ ကျွန်တော်တို့ ယနေ့ ကျောင်းသားလူငယ်များကို အခြေခံကဏ္ဍမှာ အဓိကအလေးထားပြီး သင်ကြားနေတဲ့ အစီအစဉ်တစ်ခုထဲမှာ စာရိတ္တပညာ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး တင်ပြတဲ့အထဲမှာ ယေဘုယျခြုံငုံကြည့်လိုက်တဲ့အခါမှာ ပညာဆိုတဲ့ အသိပညာအပြင် သူတို့ရဲ့ စာရိတ္တ (Moral Education) ဟာ အရေးကြီးကြောင်း ကျွန်တော် မီးမောင်းထိုးပြပါတယ်။

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့လည်းပဲ ဒီအရွယ်ဟာ ငယ်တဲ့အရွယ်မှာ ပုံသွင်းရင် ဘာမဆို ဖြစ်နိုင်တဲ့အတွက် ကျွန်တော်တို့ မူလတန်းအရွယ်မှာ ကလေးတွေကို စာပေပညာ အသိတစ်ခုထဲမဟုတ်ဘဲ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုနဲ့ လူ့လောကရဲ့ လောကနီတိတွေကို သိရှိနိုင်အောင်အတွက် ကျွန်တော်တို့ သင်ရိုးထဲမှာကိုက ကျွန်တော်တို့ Sabbath Education ဆိုတဲ့ စာရိတ္တပညာ လောကနီတိများကို ပြဋ္ဌာန်းပြီးတော့ သင်ကြားပေးလျက်ရှိပါတယ်။ အခုအခါမှာ ယခင်ရှိပြဋ္ဌာန်းထားတဲ့ လောကနီတိဆိုင်ရာ ပြဋ္ဌာန်းစာအုပ်များအပြင် ဒီထက်မက ကလေးတွေ စိတ်ပါဝင်စားလာအောင် သူ့အရွယ်နဲ့သူ စိတ်ပါဝင်စားလာအောင် ပုံပြင်သဖွယ်များတွေပါ ထည့်သွင်းပြီးတော့ ဒီ စာရိတ္တပညာနဲ့ ပတ်သက်လို့ လောကနီတိကို ပြုပြင်ရေးဆွဲ ဆောင်ရွက်လျက်ရှိနေကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယအချက်ကတော့ ကျွန်တော် ဒီသင်ကြားရေးကဏ္ဍတွေအပြင် စီမံခန့်ခွဲရေးကဏ္ဍကို ဆက်လက်တင်ပြပါမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီအခြေခံကဏ္ဍတွေမှာ ပညာရေးကဏ္ဍကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းကဏ္ဍတွေကို အဆင့်ဆင့်ကြီးကြပ် ဆောင်ရွက်ကြတဲ့ စီမံခန့်ခွဲရေးဆိုင်ရာ အရာရှိများ၊ ကျောင်းအုပ်များနဲ့ ပတ်သက်လို့ အစီအမံများ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြို့နယ်ပညာရေးမှူးများ၊ အထက်တန်းကျောင်းအုပ်ကြီးများစတဲ့ အခြေခံကျောင်းတွေ ကျောင်းအုပ်ကြီးများရဲ့ မွမ်းမံသင်တန်းများကိုလည်းပဲ ကျွန်တော်တို့ ဗဟိုအဆင့်မှာ လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ စီမံခန့်ခွဲရေးဆိုင်ရာများနဲ့ ပတ်သက်လို့လည်းပဲ စနစ်တကျ စီမံခန့်ခွဲနိုင်အောင် ကျွန်တော်တို့ လမ်းညွှန်ဆောင်ရွက်လျက်ရှိပါတယ်။

အလားတူပဲ ကျွန်တော်တို့ အခြေခံပညာကဏ္ဍမှာ တာဝန်ထမ်းဆောင်ကြတဲ့ ဆရာ/ဆရာမများဟာ သူတို့ရဲ့ လုပ်ငန်းအတတ်ပညာတင်မကဘူး။ အခြားသော စီမံခန့်ခွဲရေးဆိုင်ရာနဲ့ တကွ သူတို့ရဲ့ အသိအမြင်တွေ ပိုမိုကြီးမားကျယ်ပြန့် လာစေရန် ရည်ရွယ်ပြီးတော့ ကျွန်တော်တို့ ဗဟိုဝန်ထမ်းတက္ကသိုလ်မှာ အခြေခံပညာ ဆရာ/ဆရာမများရဲ့ အထူးမွမ်းမံသင်တန်းများကို ဖွင့်လှစ်ပြီးတော့ တစ်လတိတိ လေ့ကျင့်သင်ကြားပေးပါတယ်။ ဒီလိုလေ့ကျင့်နေခြင်းအားဖြင့် ဆရာ/ဆရာမများရဲ့ ပူးပေါင်းဆောင်ရွက်မှု အသိအမြင် ဖလှယ်မှု အစရှိတဲ့ အတွေ့အမြင်များဆီကိုလည်းပဲ ပိုမိုပြီးကျယ်ပြန့်လာအောင် ရည်ရွယ်ပြီးတော့ ဗဟိုဝန်ထမ်းတက္ကသိုလ်ရဲ့ သင်တန်းကို စီမံပေးခြင်း ဖြစ်ပါတယ်။

အလားတူပဲ ကျွန်တော်တို့ ပညာရေးနှီးနှောဖလှယ်ပွဲတွေကို နှစ်စဉ်ကျင်းပပေးပါတယ်။ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနအနေနဲ့ နှစ်စဉ်အခြေခံကဏ္ဍနဲ့ အဆင့်မြင့်ကဏ္ဍရယ်လို့ ပြေ၊ မေလမှာ ပညာရေးနှီးနှော ဖလှယ်ပွဲကို နှစ်စဉ်ကျင်းပလာပါတယ်။ ဒီ ကျင်းပလာတဲ့ အကြောင်းအရင်းဟာကတော့ ကျွန်တော်တို့ ဆရာ/ဆရာမများအနေနဲ့ သင်ကြားရေးကဏ္ဍမှာ ပိုမိုလွယ်ကူအောင်၊ စီမံခန့်ခွဲရေးကဏ္ဍမှာ ပိုမိုလွယ်ကူအောင် ယနေ့ ကျွန်တော်တို့ ကျင့်သုံးနေတဲ့ ကလေးဗဟိုပြုပညာရေးအဆင့် နောက်တော့ ကျွန်တော်တို့ Student Centre Approach ကျောင်းသားဗဟိုပြု ပညာရေးကို သွားနိုင်မှသာလျှင် နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်နိုင်မယ်။ ဘာကြောင့်လဲ ဆိုတော့ ကလေးသူငယ်တွေဟာ ဆရာတွေက သင်တာကိုပဲ သိပြီးတော့ သူတို့မှာ ပြန်လည်ပြီး တော့ စောဒကတက်ခွင့်၊ စူးစမ်းခွင့်၊ လေ့လာခွင့်ဆိုတဲ့ဟာတွေ အားနည်းနေလို့ရှိရင် ကျွန်တော်တို့ လိုချင်တဲ့ ပညာအရင်းအမြစ်များကို ကျွန်တော်တို့ ရနိုင်မှာမဟုတ်ပါဘူး။ နိုင်ငံတကာမှာ ကျင့်သုံး နေတဲ့ ပညာရေးဟာလည်းပဲ ကျွန်တော်တို့ Student Centre Approach ဆိုတဲ့ ကျောင်းသားကို ဗဟိုပြုရပါတယ်။ သို့သော်လည်း ကျွန်တော်တို့မှာ အကြောင်းကြောင်းသော အခြေအနေကြောင့် မို့လို့ ကျွန်တော်တို့နိုင်ငံမှာ ဒါတွေကို မှေးမှိန်ခဲ့ပါတယ်။

ဆရာတွေက ဦးဆောင်တာကိုပဲ ကျောင်းသားတွေက အလွတ်ကျက် အလွတ်ဖြေ စသည်ဖြင့် ဒါကြောင့်မို့လို့ ကျွန်တော်တို့မှာ အရေအတွက်အားဖြင့် ဂုဏ်ထူးတွေ အများကြီး ထွက်ပေမယ့် တကယ်တမ်း နိုင်ငံအတွက် Value ကို ပြန်ကြည့်တဲ့အခါမှာ အားနည်းနေတာ တွေ့တယ်။ ဒါကို အားနည်းချက်ကို သိတဲ့အတွက် ယနေ့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန အနေနဲ့ ကျွန်တော်တို့ အခြေခံကဏ္ဍမှာရော၊ အဆင့်မြင့်ကဏ္ဍမှာရော၊ အခြေခံကဏ္ဍမှာဆိုရင် ကျွန်တော်တို့ Child Centre Approach ကလေးသူငယ် ဗဟိုပြုမယ်။ ကျွန်တော်တို့ ဒီထက် အဆင့်မြင့်ကဏ္ဍ ရောက်လာတဲ့အခါကျရင် Student Centre Approach ကျောင်းသား တစ်ယောက်ဟာ ဆရာရဲ့ လမ်းညွှန်လိုက်တဲ့စာပေါ်မှာ အခြေခံပြီးတော့ မိမိကိုယ်တိုင်လေ့လာ နိုင်တဲ့ စွမ်းအား ရှိလာမှသာလျှင် ကျွန်တော်တို့ရဲ့ တကယ့်ကို အဖိုးတန်တဲ့ နိုင်ငံ့အရင်းအမြစ် ဖြစ်မယ့်အတွက် ကျွန်တော်တို့ ဒီလမ်းကြောင်းအပေါ်မှာ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန အနေနဲ့ ဦးတည်ပြီးတော့ ဆောင်ရွက်နေတဲ့ အကြောင်းကိုလည်းပဲ ကျွန်တော် ရှင်းလင်းတင်ပြလို ပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ ဒီဆရာ/ဆရာမများရဲ့ အရည်အသွေး မြှင့်မားရေးအတွက် ကျောင်းသူ/ကျောင်းသားများရဲ့ အရည်အသွေး မြှင့်မားရေးဆိုတာဟာလည်းပဲ စာသင်ခန်း တစ်ခုတည်းနဲ့တင် မဟုတ်ပါဘူး။ သူတို့နဲ့ လက်တွေ့ဘဝနယ်ပယ်နဲ့ ဆက်စပ်နေသော ကဏ္ဍတွေ ကိုပါ ကျွန်တော်တို့ ဦးတည်ဆောင်ရွက်ရပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ သိပ္ပံကဏ္ဍနဲ့ ပတ်သက်လို့ရှိရင် သိပ္ပံပစ္စည်းများ၊ ဓာတ်ဆေးများ၊ သင်ထောက်ကူပစ္စည်းများ၊ နောက် ကားချပ် များကိုလည်းပဲ ကျွန်တော်တို့ အထူးလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုအပ်ချက်များကို နိုင်ငံတော်မှ ခွင့်ပြုလာသော ဘတ်ဂျက်အပေါ်မှာ မူတည်၍ ကျွန်တော်တို့ လိုအပ်ချက်များကို ကျွန်တော်တို့ ယခုအခါမှာ ပြည့်ပြည့်ဝဝ ဖြည့်ဆည်းနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ သင်ထောက်ကူပစ္စည်းများကိုလည်းပဲ လက်တွေ့ကျကျ အသုံးပြုနိုင်အောင်အတွက် သင်ထောက်ကူ ပြိုင်ပွဲများကိုလည်းပဲ ကျင်းပဆောင်ရွက်လျက် ရှိပါတယ်။

အထူးသဖြင့် ပညာရေးကောလိပ်တွေမှာ ဘာသာရပ်အလိုက် သင်ထောက်ကူ ပြိုင်ပွဲ များကို ၂၀၁၀-၂၀၁၁ ခုနှစ်က စပြီးတော့ နှစ်စဉ်ကျင်းပပြီးတော့ ဆရာ/ဆရာမများရဲ့ သင်ကြားမှု စွမ်းရည် ထက်မြက်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

နောက်တစ်ခုကတော့ ဆရာ/ဆရာမများရဲ့ စွမ်းဆောင်ရည်မှာ စိတ်ဓာတ်မြင့်မားလာ စေရေးအတွက် ကျွန်တော်တို့ အခုအခါမှာ နိုင်ငံတော်သမ္မတကြီးရဲ့ မိန့်ခွန်းထဲမှာ ကျွန်တော်တို့ ဆရာ/ဆရာမများရဲ့ လူမှုစီးပွားရေးဘဝကို မြှင့်တင်ပေးဖို့ လိုပါတယ်လို့ ပထမဆုံးမိန့်ခွန်းမှာ ဖော်ပြတဲ့အတွက် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့လည်းပဲ အခုအခါမှာ အခြေခံကဏ္ဍမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာ/ဆရာမများရဲ့ လူမှုစီးပွားရေးဘဝကို မြှင့်တင်နိုင်ဖို့အတွက် ဆောင်ရွက်တဲ့အနေနဲ့ ယခုဘဏ္ဍာရေးနှစ်မှာပဲ ၎င်းတို့ရဲ့ အဆင့်အတန်းကို တိုးမြှင့်ပေးပါတယ်။ တိုးမြှင့်ပေးတဲ့အနေနဲ့ အလယ်တန်းကျောင်းအုပ်၊ ယခင် အလယ်တန်းကျောင်းအုပ် ရာထူးကို ပညာရှင်အဆင့်(၄)၊ ကျွန်တော်တို့ Gazetted Officer အရာထမ်းအဖြစ် တိုးမြှင့်ပေးပါတယ်။

အလားတူပဲ ကျွန်တော်တို့ ပညာရှင်အဆင့်(၂)ဆိုတဲ့ မူလတန်းကျောင်းအုပ်များကို ပညာရှင်အဆင့်(၃)ဆိုတဲ့ ကျွန်တော်တို့ အထက်တန်းပြအဆင့် လစာနှုန်း ရာထူးကို တိုးမြှင့် ပေးပါတယ်။ နောက်ပြီးတော့ မူလတန်းပြဦးရေ(၆)သောင်းခန့်ကိုလည်း ပညာရှင်အဆင့်(၂)၊ ကျွန်တော်တို့ အလယ်တန်းပြအဖြစ် လစာနှုန်းများ တိုးမြှင့်ပြီးတော့ ခံစားခွင့်ပြုတဲ့အတွက် ဒါ

ကျွန်တော်တို့ ဆရာ/ဆရာမများရဲ့၊ တာဝန်ထမ်းဆောင်တဲ့ ဆရာ/ဆရာမများရဲ့ ဒီလူမှုစီးပွားရေး ဘဝကို ပညာရေးဝန်ကြီးဌာနအနေနဲ့ တင်ပြပြီးတော့ ကျွန်တော်တို့ မြှင့်တင်ပေးလျက်ရှိပါတယ်။

အဲဒီတော့ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အထူးစိတ်ဝင်တစားနဲ့ ဆွေးနွေးသွားကြတဲ့အပိုင်းဖြစ်တဲ့ ဆရာ/ဆရာမများရဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးကဏ္ဍ ဖြစ်ပါတယ်။ ဒါကလည်း အင်မတန် အရေးကြီးပါတယ်။ ကျွန်တော်တို့ ဆရာ/ဆရာမများအားလုံးဟာ ကျွန်တော်တို့ ဒီဘဝ Profession ကို ဒီဆရာ/ဆရာမဘဝကို ခံယူလာတယ်ဆိုတာကပဲ ကျွန်တော်တို့ ဒီတစ်ဖက်က ကလေးသူငယ်များရဲ့ ဘဝမြှင့်တင်ရေးဟာ မိမိဘဝ ထက်သာအောင် ရည်မှန်းချက်များ၊ ဆရာ/ဆရာမတိုင်းမှာ ရည်ရွယ်ချက်တွေ ရှိပါတယ်။ သို့သော်လည်းပဲ အကြောင်းကြောင်းကြောင့် အခြေအနေကြောင့်မို့လို့ တချို့သော ဆရာ/ဆရာမများဟာ ဒီလမ်းကြောင်းပေါ်က လွှဲဖယ်ပြီးတော့ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးများ ထောက်ပြတဲ့ အနေအထားမျိုးတွေ မရှိဘူးလားဆိုရင် ရှိတယ်လို့ပဲ ကျွန်တော့်အနေနဲ့ ဒါ ဝန်ခံရမှာ ဖြစ်ပါတယ်။

တစ်ဖက်မှာ ကျွန်တော်တို့ဖက်က ပညာရေးဝန်ကြီးဌာနအနေနဲ့ အခုလို ဆရာ/ဆရာမများရဲ့ လိုအပ်ချက်များကို မိမိတို့ဝန်ကြီးဌာနရဲ့ ဆောင်ရွက်နိုင်သော မူဘောင်အတွင်းထဲက ကျွန်တော်တို့ မြှင့်တင်ပြီး ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း တာဝန်ပိုင်းအနေနဲ့ မိမိထမ်းဆောင်ရမယ့် လုပ်ငန်းတာဝန်များကို ဒီစာပေပညာ တတ်မြောက်ရုံမက ကလေးသူငယ်တွေရဲ့ စိတ်ပိုင်းဆိုင်ရာတွေ မြင့်မားပြီးတော့ အနာဂတ်မှာ ကျွန်တော်တို့ နိုင်ငံအတွက် အင်မတန် အားထားရမယ့် ဒီပညာအရင်းအမြစ်များဖြစ်အောင် ကျွန်တော်တို့ဘက်က လေ့ကျင့်ပေးဖို့လည်းပဲ ကျွန်တော်တို့ အဆင့်ဆင့်လမ်းညွှန်လျက် ရှိပါတယ်။ ကျွန်တော်တို့ ဆရာ/ဆရာမများရဲ့ စိတ်ပိုင်းဆိုင်ရာ မြင့်မားရေးကို ထပ်ဆောင်းပြီးတော့ အားပေးပြီးတော့ ကျွန်တော်တို့ လမ်းညွှန်ပေးသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အခုလို မြန်မာနိုင်ငံ အခြေခံပညာ ဆရာ/ဆရာမများရဲ့ စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများ၊ ဆွေးနွေးပွဲများ ဖြည့်ဆည်းကူညီပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြဆွေးနွေးချက်ကို ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အလေးထား ဆောင်ရွက်

မယ်လို့ နောင်လည်းပဲ ဒီထက်မက ပိုမိုပြီးတော့ရင် ဆရာ/ဆရာမများရဲ့ အခန်းကဏ္ဍကို ပိုမိုပြီး တော့ရင် ဆောင်ရွက်သွားပါမယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၂၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင် တင်သွင်းတဲ့ အခြေခံပညာ ဆရာ/ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်မှု လုပ်ငန်းဆွေးနွေးပွဲများ ဖြည့်ဆည်းကူညီပံ့ပိုးပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်ကို အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ထောက်ခံ (၁၇၆)၊ ကန့်ကွက်မရှိ၊ ကြားနေ(၂)မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံမဲ များတဲ့အတွက် ဦးနိန်းခင်းပေါင် ရဲ့ အဆိုကို အတည်ပြု ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများနဲ့ ပတ်သက်ပြီးတော့ ညွှန်ကြားဖို့ ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများက ဖြေကြားမယ့် မေခွန်းများနဲ့ ပတ်သက်ရင် ပြည်ထောင်စုအစိုးရအဖွဲ့က ကိုယ်စား လာရောက်ဖြေကြားနေရတဲ့ အခါမှာ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်မရတဲ့ အနေအထား ရှိပါတယ်။ နောက်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနဲ့ သက်ဆိုင်တယ်လို့ ယူဆတဲ့မေးခွန်းတွေကို ကြယ်ပွင့်မပြ မေးခွန်းအနေနဲ့ပဲ တင်သွင်းမေးမြန်းကြဖို့ ညွှန်ကြားပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နဝမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၃၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ အစည်းအဝေးကို ၁၂း၃၁ နာရီအချိန်တွင် ရပ်နားပါသည်။]